# မေလ ၂၀၁၈ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ မေလကုန်တွင် မြန်မာနိုင်ငံ တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး ထိန်းသိမ်းခံထားရသူ ၂၆၂ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၃၆ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၇ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၆၉ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရ သည်။



ဓာတ်ပုံ ရိုက်တာသတင်းဌာန
မေလ ၂၀၁၈ ခုနှစ်


Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org


အင်တာနက်စာမျက်နှာ　　တွစ်တာစာမျက်နှာ　　လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ


**နိုင်ငံရေးအကျဉ်းသားများ ..... 3**

ဖမ်းဆီးခံရခြင်းများ ..... 3

တရားစွဲဆိုခံရခြင်းများ ..... 3

တရားရင်ဆိုင်ရခြင်းများ ..... 5

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ..... 5

ထောင်မှလွှတ်မြောက်မှုများ ..... 5

နိုင်ငံရေးအကျဉ်းသားဟောင်းများ ..... 7

**နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ ..... 8**

လယ်ယာမြေအငြင်းပွားမှုများ ..... 10

**အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ..... 14**

**အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန်Links ..... 15**

# နိုင်ငံရေးအကျဉ်းသားများ

## ▪ ဖမ်းဆီးခံရခြင်းများ

**စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်ခဲ့ကြသော ဗကသကျောင်းသားနှစ်ဦး ဖမ်းဆီးခြင်းခံရ**

တိုက်ပွဲတွင်းပိတ်မိနေသော ပြည်သူများ အမြန်ဆုံး လွတ်မြောက်ရေး၊ တပ်မတော် ၏ထိုးစစ်များ အမြန်ဆုံးရပ်တန့်ရေးအတွက် မေလ ၈ ရက်နေ့တွင် မန္တလေးမြို့၌ ဖရောင်းတိုင်ထွန်း၍ ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ(ဗကသ) ကျောင်းသားများဖြစ်ကြသည့် ကိုနှင်းအောင်နှင့် ကိုသန်းထိုက်တို့သည် မေလ ၁၁ ရက်နေ့တွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ) ဥပေဒပုဒ်မ ၁၉ ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းတို့ကို အောင်မြေသာစံမြို့ နယ်ရဲတပ်ဖွဲ့မှူးမှ တရားလိုပြုလုပ်၍ အမှုဖွင့်ထားခဲ့သည်။ မေလ ၁၄ ရက်နေ့ ရုံးချိန်းတွင် ၎င်းတို့ သည် တရားစီရင်ရေးကို အယုံအ ကြည်မရှိဟုဆိုကာ တရား ရုံးအားသပိတ်မှောက်ခဲ့ပြီး တရားသူကြီး၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း မရှိခဲ့ပါ။ ထို့အပြင် ၎င်းတို့သည် တရားသူကြီး၏ မေးမြန်း ချက်များကို ပြန်လည်ဖြေကြားခြင်းမရှိခဲ့ပါ။ ကိုသန်းထိုက်၊ကိုနှင်းအောင်တို့နှင့်အတူ အမှုဖွင့်ခြင်းခံထားရသော ကိုရဲရင့်ကျော် (ဗကသဗဟို ေ ကာ်မတီ ပေါင်း)ကိုမူ ဖမ်းဆီးရမိခြင်း မရှိသေးပါ။

**ဖားကန့် အဓိကရုဏ်းတွင် လူတစ်ဦးသေဆုံး၍ ၄၉ ဦး ဖမ်းဆီးထိန်းသိမ်းခံရ**

အချိန်ပိုကြေးနှင့် လစာပေးချေမှုညှိနှိုင်းရာမှ အဆင်မပြေဖြစ်ခြင်းကြောင့် ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စုရှိ ရတနာရွှေအိတ် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီ၏ ေ ကျာက်စိမ်းတွင်းလုပ်သား တစ်ထောင်ခန့်နှင့် ကုမ္ပဏီ တာဝန်ရှိသူများအကြား တင်းမာမှုဖြစ်ပွားခဲ့ပြီး မေလ ၁၃ ရက် နေ့ညတွင် ရုန်းရင်းဆန်ခတ် ဖြစ်ပွား ခဲ့သည်။ ရုန်းရင်းဆန် ခတ်ဖြစ်သည့်နေ့တွင် ကုမ္ပဏီပိုင်ယန္တရားတချို့နှင့် အဆောက်အအုံတချို့ကို ဖျက်ဆီး၍ ကျောက်စိမ်း ဂိုဒေါင်ကို ဖောက်ထွင်းခြင်းကြောင့် ရဲတပ်ဖွဲ့မှ ပစ်ခတ်လူစုခွဲခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကာ စုစုပေါင်း ၄၉ ဦးခန့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဒဏ်ရာရရှိသူသုံးဦးသည် မန္တလေးဆေးရုံတွင် တက်ရောက်၍ ဆေးကုသမှု ခံယူနေရသည်။ လုပ်ခလစာ ပြဿနာကို ဒေသတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးအဖွဲ့မှ ဝင်ရောက်ညှိနှိုင်း ပေးခဲ့သောကြောင့် ပြေလည်မှုရရှိခဲ့ပြီး ကုမ္ပဏီမှ လုပ်သား ၂၅၀၀ စာကို လုပ်ခရှင်းပေးခဲ့သည်။

**သိမ်းဆည်းခံလယ်ယာမြေအရေး ဖြေရှင်းပေးရန် ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့သူ သုံးဦးကို ဖမ်းဆီး အမှုဖွင့်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်မှ ကရင်တိုင်း ရင်းသားများ၏ သိမ်းဆည်းခံထားရသော လယ်ယာမြေအရေးကို ဖြေရှင်းပေးရန် မေလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီရုံးချုပ်ရှေ့၌ ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့သော နော်အေးအေးကြိုင်၊ ဦးတင်လုံး၊ ဦးစိုးမိုးတို့ကို ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည်။ ထို့နောက် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ၎င်းတို့ကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ) ပုဒ်မ ၂၀ ဖြင့် အမှုဖွင့်ခဲ့သည်။

သိမ်းဆည်းခံထားရသည့် လယ်ယာမြေ ဧက ၁,၃၀၀ ကျော်ရှိပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အစိုးရလက်ထက် ၁၉၈၄၊ ၁၉၈၅ ဝန်းကျင် ကာလများ၌ သိမ်းဆည်းခံရခြင်းဖြစ်ကြောင်း ဆန္ဒထုတ်ဖော်ရာတွင် ဦးဆောင်ပါဝင်သူ နော်အေးအေးကြိုင်မှ ပြောကြားခဲ့သည်။

## ▪ တရားစွဲဆိုခံရခြင်းများ

**CNPC နှင့် MOGE တို့ကို ဦးဆောင်ဆန္ဒပြသူ လေးဦး တရားစွဲဆိုခံရ**

မြန်မာ့ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် တရုတ်ပိုက်လိုင်းစီမံကိန်းကုမ္ပဏီ (CNPC)တို့ကို ဧပြီလ ၂၅ ရက်နေ့တွင် ကျိန်စာတိုက် ဆန္ဒပြခဲ့ခြင်းအတွက် မေလ ၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ ဦးဝဏ္ဏစော၊ ဦးတင်လှိုင်၊ ဦးမျိုးလွင်နှင့် ဦးရွှေထွန်းတို့သည် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့် ဥပေဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၁၉ ဖြင့် အမ်းမြို့နယ်တရားရုံး၌ တရားစွဲဆိုခြင်းခံခဲ့ရသည်။ ဧပြီလ ၂၇ ရက်နေ့တွင် အမ်း မြို့နယ်ရဲတပ်ဖွဲ့မှ ဦးဝဏ္ဏစောနှင့် ဦးတင်လှိုင်တို့ကို အမ်းမြို့နယ်ရဲစခန်းတွင်လည်းကောင်း၊ ဦးမျိုးလွင်နှင့် ဦးရွှေထွန်းတို့ကို တပ်တောင်မြို့ ရဲစခန်းတွင်လည်းကောင်း ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။

အမှုဖွင့်ခံထားရသူ လေးဦးသည် တစ်ဦးလျှင် ကျပ်ငါးသိန်းဖြင့် အာမခံရရှိခဲ့သည်။

## ငြိမ်း၊စု၊စီဥပဒေ၊ အသရေဖျက်မှုတို့ ဖြင့် ကချင်တက်ကြွလှုပ်ရှား သူများကို တရားစွဲဆို

တိုက်ပွဲကြောင့် ပိတ်မိပြည်သူများ ဘေးကင်းလုံခြုံရာသို့ အမြန်ဆုံးရောက်ရှိစေရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လွတ်လပ်စွာရရှိစေရေး၊ ပိတ်မိပြည်သူများ လွတ်မြောက်ရေးအတွက် အစိုးရမှ အမြန်ဆုံး တာဝန်ယူပေးရေး စသည့်အချက်များကို မြစ်ကြီးနားမြို့ မနောကွင်းအတွင်း သပိတ်စခန်းဖွင့်၍ ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် တရားလွှတ်တော်ရှေ့နေ ကိုလွမ်းဇောင်းနှင့် မဆွတ်ဆိုင်းထွယ်တို့နှစ်ဦးကို မြစ်ကြီးနားမြို့နယ်ရဲ တပ်ဖွဲ့မှူးမှ တရားလိုပြုလုပ်၍ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ(ငြိမ်း၊စု၊စီ) ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ မေလ ၉ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်တရားရုံးမှ ၎င်းတို့ကို ဒဏ်ငွေသုံးသောင်းကျပ်စီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထို့ပြင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုပိုလ်မှူးကြီး မျိုးမင်းဦးမှ ကချင်အမျိုးသား လူမှုဖွံ့ဖြိုးရေးအသင်းမှ ဦးဇော်ဂျက်၊ ထွယ်ဂျန်ဒါ အဖွဲ့အစည်းမှ ဒါရိုက်တာ ဒေါ်နန်ပူနှင့် တရားလွှတ်တော်ရှေ့နေ ကိုလွမ်းဇောင်းတို့ကို အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် မြစ်ကြီးနားမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့သည်။ မေလ ၁၆ ရက်နေ့ တရားခွင်ကြားနာစစ်ဆေးမှုအတွင်း ဦးဇော်ဂျက်နှင့် ကိုလွမ်းဇောင်းတို့သည် အာမခံလျှောက်ထားသောကြောင့် မြစ်ကြီးနားမြို့နယ်တရားရုံးမှ ၎င်းတို့ကို အာမခံပေးခဲ့သည်။ ဒေါ်နန်ပူသည် ခရီးလွန်နေသည့်အတွက်ကြောင့် တရားခွင်ကြားနာစစ်ဆေးမှုကို လာရောက်နိုင်ခြင်းမရှိပါ။ သို့သော်လည်း မေလ ၂၁ ရက်နေ့ တရားခွင်ကြားနာစစ်ဆေးမှုအတွင်း ဒေါ်နန်ပူသည် အာမခံလျှောက်ထားခဲ့သည်။ ထို့ပြင် ဦးဇော်ဂျက်နှင့် ဦးလွမ်းဇောင်းတို့၏ အမှုချေဖျက်ရန် ၎င်းတို့၏ ရှေ့နေမှန်ဆိုင်းသူမှ တရားသူကြီးထံ လျှောက်ထားခဲ့သည်။ မေလ ၂၈ ရက်နေ့ တတိယအကြိမ်မြောက် ရုံးချိန်းတွင် တရားလိုဖြစ်သူ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုပိုလ်မှူးကြီး မျိုးမင်းဦးကို စတင် စစ်ဆေးခဲ့သည်။

## စစ်ပွဲများရပ်တန့်ရန် ရန်ကုန်မြို့၌ ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့သော လူ့ဘောင်သစ်လူငယ်နှင့် ဗကသအမှုဖွင့်ခြင်းခံရ

ပြည်တွင်းစစ်ရပ်တန့်ရေး၊ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ပွဲတွင်း ပိတ်မိနေသည့် စစ်ရှောင်ပြည်သူများ ဘေးကင်းလွတ်မြောက်ရေးတို့အတွက် မေလ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ လူပေါင်း ၅၀ ခန့်ကို ဦးဆောင်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသော လူ့ဘောင်သစ်လူငယ်အဖွဲ့မှ ကိုမျိုးစော၊ ကိုရဲအောင်အေးနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗကသ)မှ ကိုဇေယျနှင့် ကိုကောင်းထက်ကျော်တို့သည် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေ (ငြိမ်း၊စု၊စီဥပဒေ) ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ကျောက်တံတား မြို့နယ်ရဲ တပ်ဖွဲ့မှူး ယာယီရဲမှူးမျိုးသက်မှ ၎င်းတို့ကို တရားလိုပြုလုပ်၍ အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

## စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်ခဲ့ကြသော တက်ကြွလှုပ်ရှား သူများ အမှုဖွင့်ခံရ

စစ်ပွဲများရပ်တန့်ရန်အတွက် ပြည်မြို့မှ ကချင်ပြည်နယ်အထိ လမ်းလျှောက်ဆန္ဒဖော်ထုတ်မည့် ကိုမျိုးသူထွဋ်နှင့် ကိုမေတ္တာဦးတို့သည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ(ငြိမ်း၊စု၊စီ) ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခြင်း ခံခဲ့ရသည်။ မေလ ၇ ရက်နေ့ အောင်လံမြို့အရောက်တွင် ၎င်းတို့သည် အောင်လံမြို့ရဲတပ်ဖွဲ့၏ ထိန်းသိမ်းထားခြင်းကိုခံခဲ့ရသည်။ ထို့နောက် ၎င်းတို့သည် ပြည်မြို့သို့ ပြန်လည် ပို့ဆောင်ခြင်းခံခဲ့ရပြီး ပြည်မြို့မရဲတပ်ဖွဲ့မှ ၎င်းတို့ကို ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၎င်းတို့သည် ကိုယ်ပိုင်အာမခံဖြင့် ပြန်လည် လွတ်မြောက်လာခဲ့သည်။ မေလ ၁၈ ရက်နေ့တွင် ၎င်းတို့နှစ်ဦးကို ပြည်မြို့နယ် တရားရုံး၌ စတင်စစ်ဆေးခဲ့ပြီး ဇွန်လ ၄ ရက်နေ့တွင် ရုံးချိန်းပြန်လည်ချိန်းဆိုခဲ့သည်။

## စစ်ပွဲများ ရန်တန့်ရန် တာမွေမြို့နယ်တွင် ဆန္ဒထုတ်ဖော်ကြသော တက်ကြွလှုပ်ရှားသူများ ဖမ်းဆီး တရားစွဲဆိုခြင်းခံရ

တိုင်းရင်းသားဒေသ ဖြစ်ပွားနေသော စစ်ပွဲများရပ်တန့်ပေး ရန်နှင့် စစ်ဘေးသင့်ပြည်သူများကို လွတ်လပ်စွာ ကူညီထောက်ပံ့ခွင့်ပေးရန် မေလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ခွင့်ပြုချက်မရှိဘဲ ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွ က် တက်ကြွလှုပ်ရှားသူ ၁၇ ဦးသည် ငြိမ်းချမ်းစွာစုဝေးခွင့် နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၂၀ ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ဆန္ဒထုတ်ဖော်သည့်နေ့တွင် ကိုဇေယျာလွင်၊ ကိုသိန်းမင်းစိုး၊ ကိုအုပ်စိုးပိုင်၊ ကိုပြည့်ဖြိုးနိုင်၊ ကိုရဲထွဋ်လွင်၊ ကိုမြတ်ကျော်၊ ကိုတင်ထွဋ်ပိုင်၊ မထားထားနွယ်၊ မခင်စန္ဒာတို့သည် ဖမ်းဆီးခြင်းခံခဲ့ရသည်။ မေလ ၁၃ ရက်နေ့တွင် ဗဟန်းရဲစခန်းမှ ၎င်းတို့ကို အာမခံပေးခဲ့ သောကြောင့် ၎င်းတို့ပြန်လည် လွတ်မြောက်လာခဲ့သည်။ ထို့ပြင် ဖမ်းဆီးခြင်း မခံရသေးသော တက်ကြွလှုပ်ရှားသူ ကိုးဦးအနက် ရှစ်ဦးဖြစ်သည့် ကိုသက်ဆွေဝင်း၊ ကိုမိုဃ်းသွေး၊ ကိုပိုင် ရဲသူ၊ မောင်ဆောင်းခ၊ ကိုထက် ခိုင်စိုး၊ မရှားယမုံ၊ မအိအိမိုးနှင့် မသဉ္ဇာရွှန်းလဲ့ရည်တို့သည် မေလ ၁၁ ရက်နေ့တွင် ဗဟန်းမြို့နယ်ရဲစခန်း၌ လာရောက်ထွက်ဆိုခဲ့သည်။ ဗဟန်းမြို့နယ်ရဲစခန်းမှ ၎င်းတို့အားကိုယ်ပိုင်ခံဝန်ဖြင့် အာမခံပေးခဲ့သည်။ ကျန်တစ်ဦးဖြစ်သည့် လင်းထက်နိုင်(ခ)ကိုဂျိမ်းသည် ပြည် ပခရီးလွန်နေခြင်းကြောင့် လာရောက်ထွက်ဆိုခြင်း မရှိခဲ့ပါ။ မေလ ၁၂ ရက်နေ့ဆန္ဒ ထုတ်ဖော်ပွဲတွင် ပါဝင်ခဲ့ခြင်းအတွက် တရားစွဲဆိုခြင်း ခံထားရ သော တက်ကြွလှုပ်ရှားသူ ၁၇ ဦးအနက် ၁၅ ဦးကို မေလ ၂၅ ရက်နေ့တွင် ဗဟန်းမြို့နယ်တရားရုံး၌ စတင်ရုံးထုတ်ခဲ့သည်။ တရားရုံးချိန်းကို တရားစွဲဆိုခံထားရသူ ကိုဇေယျာလွင်၊ မခင်စန္ဒာ၊ မသဉ္ဇာရွှန်းလဲ့ရည်၊ ကိုမြတ်ကျော်၊ ကိုတင်ထွဋ်ပိုင်၊ ကိုပိုင်ရဲသူ၊ မရှားယမုံ၊ ကိုဆောင်းခ အပါအဝင် တက်ကြွလှုပ်ရှားသူ ၁၅ ဦး လာရောက်ခဲ့ပြီး ကိုလ င်းထက်နိုင်၊ ကိုသိန်းမင်းစိုးတို့ လာရောက်ခြင်းမရှိသည့်အတွက် ဗဟန်းမြို့နယ် တရားသူကြီး ဦးခင်ဇော်မှ ၎င်းတို့ကို တရားခံပြေးအဖြစ် တရားခွင်တွင် သုံးနှုန်းခဲ့သည်။။

ကိုလင်းထက်နိုင်၊ ကိုသိန်းမင်းစိုးတို့ ရောက်ရှိမှသာအမှုကို စတင်စစ်ဆေးမည်ဖြစ်သည်။ ဇွန်လ ၈ ရက်နေ့တွင်အမှုကို စတင်စစ်ဆေးမည် ဖြစ်သည်။

ထို့ပြင် စစ်ဘေးသင့်ပြည်သူများအတွက် ရွှေပြည်သာမြို့နယ်တွင် အလှူငွေကောက်ခံခဲ့သည့် ကိုနိုင်ဇော်ကြည်ဝင်းနှင့် အခြေခံပညာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုရန်နောင်ကြည်ဝင်းတို့သည် ငြိမ်း၊စု၊စီ ပုဒ်မ ၁၉ဖြင့် အမှုဖွင့်ခြင်းခံထားရသည်။

**ခွင့်ပြုချက်မရှိဘဲ ကဗျာရွတ်ပွဲကျင်းပခဲ့သူ သုံးဦး တရားစွဲဆိုခြင်းခံရ**

ခွင့်ပြုချက်မရှိဘဲ ကဗျာရွတ်ပွဲကျင်းပခဲ့ခြင်းအတွက် မေလ ၁၄ ရက်နေ့တွင် ကဗျာရွတ်ပွဲစီစဉ်သူ ကိုခန့်မင်းထက်၊ ကဗျာရွတ်ပွဲတွင် အမှတ်တရ စကားပြောကြားခဲ့သည့် တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (တကသ) ကျောင်းသား ကိုဇေယျာလွင်နှင့် ကဗျာဆရာ ရွှေကြယ်မိုး ခေါ် ကိုရဲဝင့်အောင် တို့သည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရသည်။ မေလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပ န်းခြံ၌ ငြိမ်းချမ်းရေးအတွက် ကဗျာဆရာများစုပေါင်း၍ ကဗျာရွတ်ပွဲ ကျင်းပခဲ့ရာ ခွင့်ပြုချက်မရှိဟု ဆိုကာ ကျောက်တံတား မြို့နယ်မှူး ရဲမှူးမျိုးသက်မှ တရားလိုပြုလုပ်၍ ၎င်းတို့သုံးဦးကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ မေလ ၂၁ ရက်နေ့တွင် ၎င်းတို့သုံးဦးကို ကျောက်တံတားမြို့နယ် တရားရုံး၌ စတင်၍ ရုံးထုတ်စစ်ဆေးခဲ့သည်။ မေလ ၂၉ ရက်နေ့ ရုံးချိန်းတွင် တရားလိုဖြစ်သူ ရဲမှူးမျိုးသက်ကို စတင်စစ်ဆေးမည်ဖြစ် သည်။

**ပြည်တွင်းစစ်များရပ်တန့်ရန် လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ခြင်း အတွက် နတ္တလင်းမြို့မှ ကျောင်းသားများကို ဖမ်းဆီးအမှုဖွင့်**

ပြည်တွင်းစစ်ရပ်တန့်ရန်နှင့် စစ်ဘေးသင့်ပြည်သူများ ငြိမ်းချမ်းစေရန်အတွက် မေလ ၁၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့၌ ဆုတောင်း၍ လမ်းလျှောက်ဆန္ဒ ထုတ်ဖော်ခဲ့သည့် အခြေခံပညာ ကျောင်းသားများသမဂ္ဂ (အကသ) အဖွဲ့ဝင်ကျောင်းသားများနှင့် ဗမာလူငယ်များ လွတ်မြောက်ရေး ကွန်ဂရက်မှ လူငယ်များ စုစုပေါင်း ၁၃ ဦးနှင့် The Voice ဂျာနယ်အလွတ်တန်း သတင်းထောက်တစ်ဦးကို နတ္တလင်းမြို့ နယ်ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည်။ ထို့နောက် ဆန္ဒထုတ်ဖော်သူများကို နှစ်နာရီခန့် စစ်ဆေးမေးမြန်းခဲ့သည်။ ယင်းနောက် ကိုရီဝေယံ၊ ကိုပိုင်ငြိမ်းဝေ၊ ကိုဆောင်ဦးသွင်တို့ကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊စု၊စီ) ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့ပြီး အာမခံပေးခဲ့ကာ ကျန်ရှိသည့် ကျောင်းသား ၁၂ ဦးနှင့် သတင်းထောက်တစ်ဦးကို ပြန်လွှတ်ပေးခဲ့သည်။ မေလ ၂၁ ရက် နေ့တွင် ကိုရီဝေယံ၊ ကိုပိုင်ငြိမ်းဝေ၊ ကိုဆောင်ဦးသွင်တို့ကို နတ္တလင်းမြို့နယ် တရားရုံးတွင် စတင်၍ ရုံးထုတ်စစ်ဆေးခဲ့သည်။

**စစ်ပွဲများရပ်တန့်ရန် တောင်းဆိုဆန္ဒပြခဲ့၍ တရားစွဲခံထားရသည့်အမှုများကို ရုပ်သိမ်းပေးရန် ဆန္ဒပြခဲ့ခြင်းအတွက် ကျောင်းသားများ အမှုဖွင့် တရားစွဲဆိုခြင်းခံရ**

စစ်ပွဲများရပ်တန့်ရန် တောင်းဆိုဆန္ဒပြခဲ့၍ တရားစွဲခံထားရသည့် အမှုများကို ရုပ်သိမ်းပေးရန် မေလ ၃၁ ရက်နေ့တွင် ပြည်မြို့၌ ဆန္ဒပြတောင်းဆိုခဲ့ခြင်းအတွက် အခြေခံပညာကျောင်းသားများ သမဂ္ဂ(အကသ) မှ ကျောင်းသားရှစ်ဦးကို ပြည်မြို့ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည်။ ထို့နောက် ဆန္ဒပြပွဲကို ဦးဆောင်သူနှစ်ဦးဖြစ်သည့် ကိုရန်ပိုင်ထက်နှင့် ကိုစစ်မြတ်မင်း တို့ကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ (ငြိမ်း၊ စု၊စီ ) ပုဒ်မ ၁၉ ဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့ပြီးကျန်သည့် ခြောက်ဦးကို တရားစွဲဆိုမည်မဟုတ်ကြောင်း ရဲစခန်းမှ ပြောကြားခဲ့သည်ဟု ဆန္ဒပြပွဲကို ဝန်းရံသူ ကိုမေတ္တာဦးမှ ပြောကြားခဲ့သည်။

## ▪ တရားရင်ဆိုင်ရခြင်းများ

**ရိုက်တာသတင်းထောက်နှစ်ဦး၏အမှုဆက်လက်စစ်ဆေး**

မေလ ၂ ရက်နေ့တွင် မြောက်ပိုင်းခရိုင် တရားရုံးမှ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဖောက်ဖျက်မှုဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်နှစ်ချမှတ်ခြင်းခံထားရသော ဒုရဲမှူးဟောင်း မိုးရန်နိုင်ကို မယုံကြည်ထိုက်သော သက်သေအဖြစ် ကြေညာပေးရန် အစိုးရရှေ့နေ၏ လျှောက်ထားချက်ကို ပယ်ချခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရသည့် ရိုက်တာသတင်းထောက် နှစ်ဦးကို အထက်အမိန့်အရ ထောင်ချောက်ဆင်ဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်း ဧပြီလ ၂၀ ရက်နေ့ တရားရုံးချိန်းတွင် ဒုရဲမှူးဟောင်း မိုးရန်နိုင်မှ ထွက်ဆိုခဲ့သည်။ ၎င်း၏ ထွက် ဆိုချက်သည် ရဲအရေးယူခံရချိန်က ထွက်ဆို ချက်နှင့် ကွဲလွဲသည်ဟုဆိုပြီး ဧပြီလ ၂၅ ရက်နေ့ရုံးချိန်းတွင် အစိုးရရှေ့နေမှ ဒုရဲမှူးဟောင်း မိုးရန်နိုင်ကို မယုံကြည်ထိုက်သော သက်သေအဖြစ် ကြေညာပေးရန် မြောက်ပိုင်း ခရိုင်တရားရုံးတွင် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

မေလ ၉ ရက်နေ့ရုံးချိန်းတွင် ဒုရဲမှူးဟောင်း မိုးရန်နိုင်မှ အထက်ခွင့်ပြုချက်မရှိဘဲ ရိုက်တာ သတင်းထောက်နှစ်ဦးကို တွေ့ဆုံခြင်းမရှိကြောင်း ထွက်ဆိုခဲ့သည် ။ ထို့ပြင် နိုင်ငံတော် လျှို့ဝှက်ချက်အက်ဥပဒေဖြင့် သတင်းထောက်နှစ်ဦးကို အရေးယူပေးရန် ညွှန်ကြားသူသည် ရဲမှူးချုပ် တင်ကိုကိုဖြစ်ကြောင်း ထွက်ဆို ခဲ့သည်။ ဒုရဲမှူးဟောင်း မိုးရန်နိုင်မှ ၎င်းကို ထောင်ဒဏ်ချမှတ်ခြင်းသည် နောက်ထပ် ပေါ်ပေါက်လာမည့် ရဲတပ်ဖွဲ့ဝင်များ၏ အမှန်တရားကို ခြိမ်းခြောက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

မေလ ၁၆ ရက်နေ့ရုံးချိန်းတွင် တရားလိုပြသက်သေ ဒုတပ်ကြပ်နိုင်လင်းကို စစ်ဆေးခဲ့သည်။ ဒုတပ်ကြပ် နိုင်လင်းမှ ရိုက်တာသတင်းထောက်နှစ်ဦးကို အခင်းဖြစ်ပွားရာ ညက ၎င်းတစ်ဦးတည်း တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး မည်သည့် စာရွက်စာတမ်းကိုမျှ ပေးခဲ့ခြင်းမရှိပါဟု ထွက်ဆို ခဲ့သည်။ ထို့ကြောင့် ရိုက်တာသတင်းထောက် နှစ်ဦးကို တွေ့ဆုံစဉ် ဒုတပ်ကြပ်နိုင်လင်းနှင့်အတူ သ

တင်းရဲတပ်ဖွဲ့မှ အရာရှိတစ်ဦး ပါဝင်နေသည်ဆိုသည့် ဒုရဲမှူး ပောင်း မိုးရန်နိုင်၏ ထွက်ဆိုချက်နှင့် ဆန့်ကျင်ကွဲလွဲလျှက် ရှိသည်။

ရိုက်တာသတင်းထောက်နှစ်ဦးနှင့် တွေ့ဆုံခဲ့ခြင်းကြောင့် ရဲတပ်ကြပ် နိုင်လင်းသည် ရဲအ ချုပ်တွင် ကိုးရက်ခန့်နေခဲ့ရပြီး ခံဝန်လက်မှတ်ရေးထိုးခဲ့ရသည်ဟုလည်း ထွက်ဆိုခဲ့သည်။ ရိုက်တာသတင်းထောက်နှစ်ဦးအား စာရွက်စာတမ်းများ ပေးအပ်ရန် ဒုတပ်ကြပ်နိုင်လင်းကို ရဲမှူးချုပ် တင်ကိုကိုမှ ခိုင်းစေခဲ့ခြင်း ဖြစ်သည်ဟု ဒုရဲမှူးပောင်း မိုး ရန်နိုင်မှ ထွက်ဆိုထားသည်။ ရဲတပ်ကြပ်ကြီးခင်မောင်လင်းကို ရဲတပ်ဖွဲ့မှ အပြီးတိုင်ထုတ်ပယ်ခဲ့ပြီ ဖြစ်ကြောင်း မေလ ၁၆ ရက်နေ့တွင် ပြုလုပ်သော တရားခွင်၌ မှူခင်းမှတ်တမ်းအဖွဲ့မှ လာရောက်ထွက်ဆိုသွားခဲ့သည်။

ရိုက်တာသတင်းထောက်နှစ်ဦးသည် ဖမ်းဆီးခြင်း မခံရမီ အမှတ် ၈ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူး ပောင်းမိုးရန်နိုင်၊ ရဲတပ်ကြပ်ကြီး ခင်မောင်လင်း၊ ဒုတပ်ကြပ်နိုင်လင်း အပါအ ဝင် ရဲဝန်ထမ်း ခြောက်ဦးနှင့် တွေ့ဆုံခဲ့ပြီး ထိုတွေ့ ဆုံမှုပြီးနောက် ေ တွဆုံခဲ့သည့် ရဲဝန်ထမ်း ခြောက်ဦးလုံး ထိမ်းသိမ်းခြင်းခံခဲ့ရသည်။ ၎င်းနောက် ေ လးဦးကို ပြန်လွှတ်ပေးခဲ့ပြီး ဒုရဲမှူးပောင်း မိုး ရန်နိုင်နှင့် ရဲတပ်ကြပ်ကြီး ခင်မောင်လင်းတို့ နှစ်ဦးကို ဆက်လက်ချုပ်နှောင်ထားခဲ့သည်။ ဒုရဲမှူးပောင်း မိုးရန်နိုင်သည် ရက်ပေါင်း ၁၂၀ ကျော်ကြာချုပ်နှောင်ထားခြင်း ခံခဲ့ရပြီးနောက် ဧပြီလ ၂၅ ရက်နေ့တွင် ရဲတရား ရုံးမှ ၎င်းကို ထောင်ဒဏ် တစ်နှစ်ချမှတ် ခဲ့သည်။

မေလ ၂၁ ရက်နေ့တွင် ရိုက်တာ သတင်းထောက် နှစ်ဦးကို ရုံးထုတ်ခဲ့ပြီး တရား လိုပြသက်သေ နေပြည်တော် နည်းပညာဌာန ရဲမှူခင်းတပ်ဖွဲ့မှ ရဲမှူးအောင်ကျော်ဆန်းကို စစ်ေ ဆးခဲ့သည်။ ရဲမှူးအောင်ကျော်ဆန်းမှ ရိုက်တာသတင်းထောက် နှစ်ဦး၏ ဖုန်းထဲမှ စာရွက်စာတမ်း ၂၁ ရွက်အား နှုတ်ဖြင့် ထိပ်တန်းလျှို့ဝှက်ဟု ထွက်ဆိုခဲ့ပြီးနောက် သက်သေခံအဖြစ် တရားရုံးမှ လက်ခံရန် တရားလို ရှေ့နေမှ မေလ ၂၁ ရက်နေ့ရုံးချိန်းတွင် တင်ပြခဲ့သည်။ သက်သေတင်ရန် လျှော က်ထားသည့်အပေါ် ရိုက်တာသတင်းထောက်နှစ်ဦး၏ ရှေ့နေများမှ ကန့်ကွက်ခဲ့ပြီး မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးရန် တောင်းဆိုခဲ့သည်။ မေလ ၂၂ ရက်နေ့ တရားခွင်ကြားနာ စစ်ဆေးမှုတွင် သတင်းထောက် နှစ်ဦး၏ လက်ကိုင်ဖုန်းထဲမှ ရရှိသည်ဟုဆိုကာ ရဲတပ်ဖွဲ့မှ တင်သွင်း လာသည့် သက်သေခံပစ္စည်း များကို ဖုန်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး တူညီသည်များကို သက် သေခံအဖြစ် လက်ခံကြောင်း တရား ရုံးမှ ဆုံးဖြတ်ခဲ့သည်။

မေလ ၂၈ ရက်နေ့တွင် ရိုက်တာသတင်းထောက်နှစ်ဦးကို ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ ၂၁ ကြိမ်မြောက်ရုံးထုတ်ခဲ့ပြီး တရားခွင်ကြားနာစစ်ဆေးမှုတွင် တရားလိုပြသက်သေ နေပြည်တော် နည်းပညာဌာန ရဲမှူခင်းတပ်ဖွဲ့မှ ရဲမှူးအောင်ေ ကျာ်ဆန်းမှ သတင်းထောက်နှစ်ဦး၏ ဖုန်းများကို သက်သေအဖြစ် သိမ်းဆည်းခဲ့သည့်ကိစ္စတွင် ရှာဖွေ ဂရမ်းရှိရန် မလိုအပ်ပါ ထွက်ဆိုခဲ့သည်။ ထိုအမှုသည် နိုင်ငံတော် လျှို့ဝှက်ချက်အက် ဥပဒေအမှု ဖြစ်ခြင်းကြောင့် သက်သေခံ ပစ္စည်း ရှာဖွေသိမ်းဆည်းရေး၊ ဖမ်းဆီးရေးနှင့် စုံစမ်းစစ်ဆေးရေးများ လုပ်ဆော င်ရန် ဂရမ်းမလိုအပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဒေါက်တာအေးမောင်အပေါ် စွဲဆိုထားသော စွဲချက်များကို ပယ်ဖျက်ပေးရန် လျှောက်ထားချက် ရခိုင်ပြည်နယ် တရားလွှတ်တော် ပယ်ချ

ဒေါက်တာအေးမောင်အပေါ် စွဲဆိုထားသော စွဲချက်များကို ပယ်ဖျက်ပေးရန် ေ လျှာက်ထားချက်ကို မေလ ၃၁ ရက်နေ့တွင် ရခိုင်ပြည် နယ် တရား လွှတ်တော်မှ ပယ်ချခဲ့သည်။ ဒေါက်တာအေးမောင်သည် နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်မှု ပုဒ်မ ၁၂၂၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု ၅၀၅ (ခ) (ဂ)နှင့် မတရားအသင်း ၁၇(၁) တို့ဖြင့် တရားစွဲဆိုခြင်း ခံထားရပြီး မတ်လ ၁၈ ရက်နေ့တွင် ၎င်း၏ရှေ့နေများမှ ထိုစွဲချက်များကို ပယ်ဖျက်ပေးရန် ရခိုင်ပြည်နယ် တရားလွှတ်တော်တွင် လျှောက်ထားခဲ့သည်။ ထိုလျှောက်ထားချက်နှင့် ပတ်သက်၍ ပြည်နယ်တရားလွှတ်တော်မှ နှစ်ဖက်ရှေ့နေများကို မေလ ၃ ရက်နေ့တွင် တစ်ကြိမ် ကြားနာစစ်ဆေးခဲ့ပြီး မေလ ၃၁ ရက်နေ့တွင် ပယ်ချခဲ့ခြင်းဖြစ်သည်။

ဒေါက်တာအေးမောင်သည် ကျန်းမာရေး အခြေအနေအရ ဆေးစစ်ခွင့်တင်ပြထားသည်မှာ တစ်လကျော်ကြာခဲ့ပြီးနောက် ဆေးစစ်ခွင့်ရရှိခဲ့၍ မေလ ၂၈ ရက်နေ့တွင် စစ်တွေပြည်သူ့ဆေးရုံ၌ ဆေးစစ်မှုခံယူခဲ့သည်။

ဇန်နဝါရီလအတွင်းတွင် ရသေ့တောင် မြို့နယ်၌ ပြုလုပ်ခဲ့သော ရခိုင်ဘုရင့်နိုင် ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း အောက်မေ့ဖွယ်အခမ်းအနားတွင် ဟောပြောချက်တချို့ နှင့် စပ်လျဉ်း၍ ဒေါက်တာအေးမောင်နှင့် စာရေး ဆရာ ဝေဟင်အောင်တို့ကို အစိုးရမှ ဖမ်းဆီးတရားစွဲဆိုထားခြင်းဖြစ်သည်။

## တရားလိုဘက်မှတင်သွင်းသည့် ဗီဒီယိုဖိုင်သက်သေကို ပယ်ဖျက်ပေးရန် ကိုဆွေဂင်းလျှောက်ထားမှု ပယ်ချခံရ

တရားလိုဘက်မှ တင်သွင်းသည့် ဗီဒီယိုဖိုင်ကို သက်သေအဖြစ်မှ ပယ်ဖျက်ပေးရန် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခြင်းခံထားရသော Myanmar Now သတင်းဌာနမှ အယ်ဒီတာချုပ် ကိုဆွေဂင်း၏ လျှောက်ထားချက်ကို မန္တလေးခရိုင်တရားရုံးမှ မေလ ၄ ရက်နေ့တွင် ပယ်ချခဲ့သည်။ တရားလို ဦးကျော်မျိုးရွှေမှ လွတ်လပ်သော အာရှအသံ (RFA) သတင်းဌာနနှင့် ကိုဆွေဝင်း ဖြေထားသည့် ရုပ်သံဖိုင်ကို သက်သေအဖြစ် မဟာအောင်မြေမြို့နယ်တရားရုံးသို့ တင်သွင်းခဲ့ရာ မြို့နယ်တရားရုံးမှ ထိုတင်သွင်းချက်ကို လက်ခံခဲ့သဖြင့် သက်သေအဖြစ် ပယ်ဖျက်ပေးရန် ကိုဆွေဝင်းမှ ခရိုင်တရားရုံးသို့ လျှောက်ထားခဲ့ခြင်းဖြစ်သည်။ ကိုဆွေဂင်းမှ ထိုရုပ်သံဖိုင်သည် သတင်းဌာနမှ ထုတ်လွှင့်သည့် ရုပ်သံအပြည့်အစုံမဟုတ်ဘဲ တစ်စိတ်တစ်ပိုင်းကိုသာ ကူးယူ

တင်ပြခြင်းဖြစ်၍ ကန့်ကွက်ပြီး သက်သေအဖြစ် ပယ်ဖျက်ပေးရန် မန္တလေးခရိုင်တရားရုံးသို့ လျှောက်ထားခဲ့သော်လည်း မေလ ၄ ရက်နေ့တွင် ခရိုင်တရားရုံးမှ အောက်ရုံး (မြို့နယ်တရားရုံး)၏ ဆုံးဖြတ်ချက်အတိုင်း ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်ခဲ့သည်။

ထို့ပြင် ကိုကျော်မျိုးရွှေကို မမှန်ကန်သည့် သက်သေတင်သွင်းမှုဖြင့် အရေးယူပေးရန် ကိုဆွေဝင်း ၏ရှေ့နေမှ လျှောက်ထားခဲ့သော်လည်း မဟာအောင်မြေမြို့နယ် တရားရုံးမှ မေလ ၁၇ ရက်နေ့တွင် ပယ်ချခဲ့သည်။ Frontier Myanmar Burmese အင်တာနက်စာမျက်နှာတွင် ကိုဆွေဝင်းနှင့် ပတ်သက်၍ တင်ပြထားသော သတင်းနှင့်ဓါတ်ပုံကို ကိုကျော်မျိုးရွှေမှ ဖုန်းအတွင်း စခရင်ရှော့ screenshot ရိုက်၍ တရားရုံးတော်ထံ ရုပ်ဖွေပုံစံဖြင့် တင်ပြထားသည်။ ထိုသက်သေကို တရားရုံးမှ ပြခိုင်းသောအခါ မပြနိုင်ခဲ့သည့်အတွက် မမှန်ကန်သည့်သက်သေအဖြစ် သတ်မှတ်ပေးရန် ကိုဆွေဝင်း၏ ရှေ့နေဖြစ်သူမှ တင်ပြခဲ့ခြင်းဖြစ်သည်။

၂၀၁၇ မတ်လ ၇ ရက်နေ့တွင် ဦးကျော်မျိုးရွှေမှ ကိုဆွေ ဝင်းအား ဦး ဂီရသူကို အသရေဖျက်သည်ဟု စွပ်စွဲကာ မဟာအောင် မြေမြို့နယ်အမှတ် (၇) ရဲစခန်း၌ အမှုဖွင့်ခဲ့သည်။

### တရားစွဲခံရမှုပယ်ဖျက်ပေးရန် တနင်္သာရီဂျာနယ်လျှောက်ထားမှု တိုင်းတရားလွှတ်တော်လက်ခံ

မေလ ၂၁ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်မှ တနင်္သာရီအပတ်စဉ်ဂျာနယ် တာဝန်ခံအယ်ဒီတာ ဦးဟန်ထက်(ခ) ဦးမျိုးအောင်ကို သတင်းမီဒီယာ ဥပဒေ ၂၅(စ) ဖြင့် တရားစွဲထားခြင်းအား ပယ်ဖျက်ပေးရန် လျှောက်ထားချက်ကို လက်ခံခဲ့သည်။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ထုတ် တနင်္သာရီဂျာနယ်တွင် မူးဝေ ဆေးအိုးကလောင်အမည်ဖြင့် 'မဲဆွယ်အပြုံး' သရော်စာဆောင်းပါးကို ဖော်ပြခဲ့သည်။ ထိုဆောင်းပါးပါ ရေးသားချက်များသည် ၎င်းနှင့်တကွ မိသားစုဝင်များ၏ ဂုဏ်သိက္ခာကို ထိခိုက်စော်ကားသည်ဆိုကာ တနင်္သာရီတိုင်း ဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာ လဲ့လဲ့မော် မှ ဦးဟန်ထက် (ခ) ဦးမျိုးအောင်ကို သတင်းမီဒီယာဥပဒေနှင့်အညီ အရေးယူပေးရန် နိုဝင်ဘာလ ၂၃ ရက်နေ့၌ ထားဝယ်မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သည်။ ထို့နောက် တရားသူကြီးမှ ဦးဟန်ထက် (ခ) ဦးမျိုးအောင်ကို သတင်းမီဒီယာ ဥပဒေ ၂၅(စ) ဖြင့် တရားစွဲဆိုရန် အမိန့်ချခဲ့သည်။

### ကျန်းမာရေးကောင်းမွန်ခြင်းမရှိသဖြင့် အမှုစစ်ဆေးခြင်းမပြုရန် ရှေ့နေဦးဇော်ဝင်း တောင်းဆို

မေလ ၁၇ ရက်နေ့တွင် အိုးဘိုထောင်တွင် ထိန်းသိမ်းခြင်းခံထားရသော ရှေ့နေဦးဇော်ဝင်းကို မိတ္ထီလာတရားရုံး၌ ရုံးထုတ်ခဲ့သည်။ သို့သော်လည်း ဦးဇော်ဝင်းမှ ကျန်းမာရေးကောင်းမွန်ခြင်းမရှိသောကြောင့် အမှုစစ်ဆေးခြင်း မပြုရန် တောင်းဆိုခဲ့သည်။ ထို့ကြောင့် တရားသူကြီးမှ မေလ ၃၁ ရက်နေ့တွင် အမှုအား ပြန်လည်စစ်ဆေးရန် ချိန်းဆိုခဲ့သည်။ ဦးဇော်ဝင်းသည် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် တရားသူကြီး ဒေါ်ဝင်းဝင်းထိန်ကို ဖိနပ်ဖြင့် ပစ်ပေါက်ခဲ့သည် အတွက် အမှုရင်ဆိုင်နေရခြင်းဖြစ်သည်။

## ▪ ထောင်ဒဏ်ချမှတ်ခံရခြင်းများ

### မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှတရားစွဲဆိုခဲ့သော တောင်သူ ၃၃ ဦးကို ငွေဒဏ်ချမှတ်

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)မှ သင ဘာ်ပျက်စက်ရုံ တည်ဆောက်မည့် ဇရိယာအတွင်းရှိ လယ်ယာမြေများတွင် တရားမဝင် ဝင်ရောက်ထွန်ယက်လုပ်ကိုင်နေသည်ဟု စွပ်စွဲကာ မေလ ၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တရားရုံးမှ ကျောက်တန်းမြို့နယ်မှ တောင်သူ ၃၃ ဦးကို ငွေဒဏ် ၅၀၀ ကျပ်စီ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ တရားရင်ဆိုင်နေစဉ်ကာလအတွင်း တောင်သူ နှစ်ဦးသည် ကွယ်လွန်သွားသောကြောင့် တော င်သူ ၃၁ ဦးသာ ဒဏ်ငွေ ပေးဆောင်ခဲ့ရသည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် MEC မှ လုံခြုံရေးအရာရှိ ဦးမောင်စန်းမှ ထိုတောင်သူ ၃၃ ဦးကို တရားလိုပြုလုပ်၍ ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် ကျောက်တန်းမြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ထိုတောင်သူများသည် လေးနှစ်ကြာ တရားရင်ဆိုင်ခဲ့ရပြီးနောက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်း ဖြစ်သည်။

၁၉၉၆-၁၉၉၇ ခုနှစ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ ကျော က်တန်းမြို့နယ် သီတာမြိုင် ရပ်ကွက်တွင်ရှိသော လယ်မြေဧက ၆၆၀ ကို တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းပေးချေကာ သိမ်းယူခဲ့သည်။ ထိုကဲ့သို့ သိမ်းယူ ခဲ့ပြီးနောက် မည်သည့် စီမံကိန်းမှ ဆက်လက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် တောင်သူများမှ ၎င်းတို့၏ လယ်ယာမြေများတွင် ဆက်လက် စိုက်ပျိုးလုပ်ကိုင်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် သိမ်းဆည်းခြင်းခံထားရသော မြေဧကများအနက် မြေဧက ၁၀၈ ဒသမ ၂၅ ဧကပေါ်တွင် MEC မှ သဘော်ဖျက်စက်ရုံ လာရောက်တည်ဆောက်ခဲ့သောကြောင့် ထိုမြေဧကများတွင် စိုက်ပျိုးလုပ်ကိုင်နေသော လယ်သမားများသည် ဖယ်ရှားပေးခဲ့ရပြီး စက်ရုံဇရိယာအတွင်း ပါဝင်ခြင်းမရှိသော လယ်သမားများသည် ၎င်းတို့၏ လယ်ယာမြေများကို ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။ ထို့ကြောင့် MEC မှ သဘော်ပျက်စက်ရုံ (သီလဝါ) ဝန်ထမ်းသက်သာအတွက်ဟုဆိုကာ ဒေသခံတောင်သူများ ထံမှ တစ်ဧကလျှင် လေးတင်းနှုန်းဖြင့် ကောက်ခံခဲ့သည့်အတွက် တောင်သူများမှ သီးစားခအနေဖြင့် ၂၀၀၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပေးသွင်းခဲ့ရသည်။ ၂၀၁၄ ခုနှစ်၊ မေလမှစတင်၍ MEC မှ တောင်သူများ စိုက်ပျိုးလုပ်ကိုင်နေခြင်းကို တားမြစ်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် တောင်သူများကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

**စစ်ပွဲအလိုမရှိ ပြဇာတ်အား လူမှုကွန်ရက်စာမျက်နှာတွင် လွှင့်တင်ခဲ့သူကို ထောင်ဒဏ် သုံးလချမှတ်**

"စစ်ပွဲအလိုမရှိ" ပြဇာတ်အား လူမှုကွန်ရက်စာ မျက်နှာတွင် တိုက် ရိုက်လွှင့်တင်ခဲ့ခြင်းအတွက် မေလ ၇ ရက်နေ့တွင် ပုသိမ်မြို့နယ် တရားသူကြီး ဦးဝင်းအောင်မှ လူ့အခွင့်အရေး

တက်ကြွလှုပ်ရှား သူများအဖွဲ့ (HRAA)ကို ဦးဆောင်သူ ဦးထွန်းထွန်းဦးအား ဆက် သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် ထောင်ဒဏ် သုံးလပြစ်ဒဏ် ချမှတ် ခဲ့သည်။ ဦးထွန်းထွန်းဦးအား ပုသိမ်မြို့နယ် တရားရုံးတွင် တစ်နှစ် ခန့် ကြားနာစစ်ဆေးပြီးနောက် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ် သည်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ပုသိမ် ဟိုတယ် ၌ ကျင်းပပြုလုပ်သော ငြိမ်းချမ်းရေး ဆိုင်ရာ ဆွေးနွေးပွဲ၌ ကျောင်းသားများမှ စစ်ပွဲအလိုမရှိပြဇာတ်ကို ကပြခဲ့ခြင်းဖြစ်သည်။

အဆိုပါပြဇာတ်၏ ဇာတ်ဝင်ခန်းတချို့သည် တပ် မတော်နှင့် ၎င်း၏ မိသားစုဝင်များ၏ ဂုဏ်သိက္ခာ ကိုထိခိုက်စေသည်ဟု စွပ်စွဲခဲ့ကာ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စား ဒုတိယဗိုလ်မှူးကြီး အောင်မျိုးခိုင်မှ တရားလိုပြုလုပ်၍ ကျောင်းသားကိုးဦး ကို ပုသိမ်မြို့နယ်တရားရုံးတွင် အသရေဖျက်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခဲ့ပြီး ယင်းပြဇာတ်ကို တိုက်ရိုက် လွှင့်တင်ခဲ့သော ဦးထွန်းထွန်းဦးကို ပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

**စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်ခဲ့ကြသော တက်ကြွလှုပ်ရှားသူ သုံးဦးကို ပြစ်ဒဏ်ချမှတ်**

ပိတ်မိနေသော ကချင်စစ်ဘေးရှောင်များကို ကယ်ထုတ်ပေးရန်နှင့် ပြည်တွင်းစစ်ရပ်တန့်ရန် မေလ ၆ ရက်နေ့တွင် မန္တလေးမြို့၌ ဆန္ဒပြခဲ့ကြသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗကသ) အဖွဲ့ဝင်ဟောင်း ကိုအောင်မှိုင်းဆန်း၊ နိုင်ငံ ရေးတက်ကြွလှုပ်ရှားသူ ကိုစိုးမိုးနိုင် (ခ)ဒိန်းဒေါင်နှင့် ကဗျာဆရာကလင့် တို့ကို ချမ်းအေးသာစံမြို့နယ် တရားရုံးမှ ထောင်ဒဏ်နှစ်လစီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ၎င်းတို့ကို ချမ်းအေးသာ စံမြို့နယ် ရဲတပ်ဖွဲ့မှူးမှ တရားလိုပြုလုပ် ၍ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၈) ရဲစခန်းတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဥပဒေ (ငြိမ်း၊စု၊ စီ) ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ မေလ ၇ ရက် နေ့တွင် ၎င်းတို့သည် ဖမ်းဆီးခြင်းခံခဲ့ရသည်။ မေလ ၁၀ ရက်နေ့တွင် ၎င်းတို့ကို ရုံးတင် စစ်ဆေးခဲ့ပြီး ကဗျာဆရာကလင့်သည် အပြစ်ရှိ ကြောင်း ဝန်ခံခဲ့သောကြောင့် ချမ်းအေးသာစံ မြို့နယ် တရားရုံးမှ ၎င်းအား ထောင်ဒဏ်နှစ်လ ချမှတ် ခဲ့သည်။ ကိုအောင်မှိုင်းဆန်းမှ တရားရေး မဏ္ဍိုင်ကို အယုံအကြည်မရှိသည့်အတွက် အာမခံမယူ သလို တရားရုံးနှင့် လည်း ပူးပေါင်းဆောင်ရွက်မည် မဟုတ်ဟု ပြောကြားခဲ့သည်။ မေလ ၂၂ ရက်နေ့ တွင် ချမ်းအေးသာစံမြို့နယ် တရားရုံးမှ ကိုအောင်မှိုင်းဆန်းနှင့် ကိုစိုးမိုးနိုင် (ခ) ဒိန်းဒေါင်တို့ကို ထောင်ဒဏ် နှစ်လစီ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**ဗုံးပေါက်ကွဲမှု သံသယဖြင့် ဖမ်းဆီးခြင်းခံထားရသူ သုံးဦးကို ထောင်ဒဏ် နှစ် နှစ်စီချမှတ်**

မေလ ၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် တရားရုံးမှ ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ်ကျေးရွာအနီး ကားလမ်းမပေါ်တွင် ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ သံသယ ဖြင့် ဖမ်းဆီးခြင်းခံထားရသော ရခိုင်တိုင်းရင်းသား ကိုဦးယဉ် မောင်၊ ကိုနိုင်နိုင်၊ ကိုအောင်အောင်တို့ကို မတရားအသင်း ဆက်သွယ်မှုဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် ထောင်ဒဏ် နှစ် နှစ်နှင့် ငွေဒဏ် ၅ ထောင်ကျပ်စီ ချမှတ်ခဲ့သည်။ ၎င်းတို့ကို စစ်ဘက် ရေးရာ လုံခြုံရေးတပ်ဖွဲ့ (စရဖ)မှ တရားလိုပြုလုပ်ကာ ပုဏ္ဏား ကျွန်းမြို့နယ် တရားရုံးတွင် မတရားအသင်း ဆက်သွယ်မှု အက်ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကိုနိုင်နိုင်နှင့် ကိုအောင်အောင်တို့ကို စစ်တွေခရိုင် တ ရားရုံးတွင် ပေါက်ကွဲမှုအက်ဥပဒေ ပုဒ်မ ၆ ဖြင့် တရားစွဲဆိုခဲ့ သည်။ ထို့ကြောင့် ကိုနိုင်နိုင်နှင့် ကိုအော င်အောင်တို့သည် စစ်တွေခရိုင်တရားရုံးတွင် အမှုဆက်လက် ရင်ဆိုင်ရဦးမည် ဖြစ်သည်။

၎င်းတို့အား ဖမ်းဆီးစဥ်က ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ ဖမ်း ဆီးခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ရက္ခိုင့်တပ်မတော် (AA) နှင့် ဆက်သွယ်မှု ရှိသည်ဟုစွပ်စွဲကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## ▪ ထောင်မှလွတ်မြောက်မှုများ

**မတရားအသင်းဆက်သွယ်မှုဥပဒေဖြင့်ဖမ်းဆီး တရားစွဲဆိုခြင်းခံထားရသော ရွာသားသုံးဦးလွတ်မြောက်**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးဟောင်း ဦး ဘိုဘိုမင်းသိုက် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရပြီးနောက် ရက္ခိုင့် တပ်မတော် (AA) နှင့် ဆက်စပ်သည်ဟု စွပ်စွဲခြင်းခံရကာ မ တရားအသင်းဆက်သွယ်မှုဥပဒေ ပုဒ်မ ၁၇(၁)(၂) ဖြင့် ဖမ်း ဆီးတရားစွဲဆိုခြင်း ခံထားရသော မြောက်ဦးမြို့နယ်၊ တိမ်ညို ရွာခံ ကိုကျော်မြင့်၊ ကိုဝင်းလှိုင်နှင့် ကိုဝင်းကျော်ထွန်းတို့ သုံးဦး ကို မေလ ၁၆ ရက်နေ့တွင် မြောက်ဦးမြို့နယ်တရားရုံးမှ တ ရားရှင်လွှတ်ပေးခဲ့သည်။ တရားလိုပြသက်သေများကို စစ် ဆေးပြီး နှစ်ဘက်လျှောက်လဲချက်များကို ကြားနာပြီးသည့်ဘ နောက် စွဲချက်မတင်သင့်ဟု တရားရုံးမှ အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဦးဘိုဘိုမင်းသိုက်သည် မြောက် ဦးမြို့မှ စစ်တွေမြို့သို့ သွားရောက်ခဲ့စဥ် လမ်း၌ လုပ်ကြံသတ် ဖြတ်ခြင်းခံခဲ့ရသည်။ ဦးဘိုဘိုမင်းသိုက် စီးလာသော ကား ပိုင်ရှင်၏ ထုတ်ဖော်ဝန်ခံချက်ကြောင့် ၎င်းတို့သည် AA နှင့်

ဆက်စပ်သူများဟု စွပ်စွဲခြင်းခံခဲ့ရပြီး ဖေဖော်ဝါရီလတွင် မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)(၂) ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ၎င်းတို့သည် လေးလနီးပါးကြာ ထိန်းသိမ်းခြင်းခံခဲ့ရသည်။

## ▪ နိုင်ငံရေးအကျဉ်းသားဟောင်းများ

### ကိုကိုးကျွန်းပြန် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဖေအောင် ကွယ်လွန်

ကိုကိုးကျွန်းသို့ နှစ်ကြိမ် မ်တိုင် ပို့ဆောင်အကျဉ်းချခြင်းခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဖေအောင်သည် မေလ ၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ဦးဖေအောင်သည် စစ်ပြီးခေတ် ကျောင်းသားလှုပ်ရှားမှုများ၌ စတင်ပါဝင်ခဲ့ပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ်၏ ကျောင်းသားကေဒါတစ်ဦး အဖြစ်လည်းကောင်း၊ မြေအောက်ကျောင်းသားအစုခေါင်းဆောင်အဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။ ထို့ပြင် ဗမာပြည် ကွန်မြူနစ်ပါတီ မြေအောက်ကလာပ်စည်း ခေ ါင်းဆောင်အဖြစ်လည်း ဆောင်ရွက်ခဲ့ သည်။ ဦးဖေအောင်သည် ၁၉၅၉ ခုနှစ်နှင့် ၁၉၆၉ ခုနှစ်တွင် ကိုကိုးကျွန်းသို့ ပို့ဆောင်ခြင်း ခံခဲ့ရပြီး ရက် ၄၈ ကြာ အစာငတ်ခံတိုက်ပွဲနှင့် ၅၃ ရက်ကြာ အစာငတ်ခံ ကိုကိုးကျွန်းဖျက်သိမ်းရေးတိုက်ပွဲများတွင် ပါဝင်ခဲ့သည်။ ထို့ပြင် ဦးဖေအောင်သည် ပြန်လည်လွတ်မြောက် လာချိန်တွင်လည်း မြန်မာ့ဒီမိုကရေစီအရေးနှင့် စစ်အာဏာရှင်စနစ်ဆန့် ကျင်ရေးလှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**မြန်မာ့သတင်းလွတ်လပ်ခွင့် အကဲဖြတ်ချက် အမှတ် ၆၀ တွင် နစ်မှတ်သာရရှိ**

မေလ ၂ ရက်နေ့တွင် ပန်မြန်မာ ကလောင်ရှင်များအဖွဲ့မှ မြန်မာနိုင်ငံ၏ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့် အခြေအနေနှင့် ပတ်သက်သော အကဲဖြတ်ချက် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်သည် အမှတ် ၆၀ တွင် နစ်မှတ်သာ ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်ကထက် ၆ မှတ် လျော့နည်းသွားခဲ့သည်။

ယခုနှစ်တွင် ရမှတ်များ ကျဆင်းလာရခြင်းသည် မီဒီယာသမားများ ပြစ်ဒဏ်ချမှတ်ခံရခြင်း၊ တရားရင်ဆိုင်နေရခြင်းများကြောင့် ဖြစ်သည့် အပြင် ပြင်ဆင်ရန်အကြံပြုထားသည့်ဥပဒေများကို အသုံးချပြီး လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ခြိမ်းခြောက်နေခြင်း စသည်တို့ကြောင့် ဖြစ်သည်။

**အစိုးရမှ သတင်းလွတ်လပ်ခွင့်ကို အကာအကွယ်ပေးရန် ပျက်ကွက်**

မေလ ၃ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့၌ ၆ လ့လာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး အစိုးရသစ်သည် သတင်းမီဒီယာ လွတ်လပ်ခွင့်ကို အကာအကွယ်ပေးရန် ပျက်ကွက်နေသည်ဟု မြန်မာသတင်းသမားများ ခံစားနေကြရကြောင်း ဖော်ပြထားသည်။

Free Expression Myanmar အဖွဲ့ အပါအဝင် မိတ်ဖက်အဖွဲ့များမှ ဇန်နဝါရီနှင့် ဧပြီလအတွင်း မြန်မာသတင်းသမား ၂၀၀ ကို တွေ့ဆုံမေးမြန်းခဲ့ရာ သတင်းသမား တဝက်နီးပါးမှ ပြီးခဲ့သည့်နှစ်ကထက် လွပ်လပ်ခွင့်ပိုနည်းလာကြောင်း၊ လက်ရှိအစိုးရ၏ ရွေးကောက်ပွဲကြွေးကြော်သံတွင် သတင်းလွတ် လပ်ခွင့်ကို မြှင့်တင်မည်ဟုဆိုခဲ့သော်လည်း လက်တွေ့အကောင်အထည်မပေါ်သည့်အတွက် စိတ်ပျက်နေကြသည်ဟု ပြောကြား ခဲ့ကြောင်းကိုလည်း ဖော်ပြထားသည်။

**စီမံကိန်းနှစ် မပြည့်ခင် ကျောက်ကျင်းပြည့်သွားပါက ထွက်ပေးရန် ချစ်လင်းမြိုင် ကုမ္ပဏီအား ဒေသခံများတောင်းဆို**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လွန်းညတောင်တွင် လုပ်ဆောင်နေသော ကျောက်ထုတ်လုပ်ရေးစီမံကိန်းကို သတ်မှတ်ထားသည့် သက်တမ်းနှစ်မကုန်သော်လည်း ကျောက်ထုတ်လုပ်သည့် ကျောက်ကျင်းအရေအတွက်ပြည့်ပါက စီမံကိန်းရုပ်သိမ်းပေးရန် ချစ်လင်းမြိုင် ကုမ္ပဏီအား လွန်းညဒေသခံများမှ တောင်းဆိုခဲ့သည်။ မေလ ၁ ရက်နေ့တွင် လွန်းညကျေးရွာ ဘုန်းကြီးကျော င်း၌ ပြုလုပ်သည့် ကုမ္ပဏီတာဝန်ရှိသူနှင့် ဒေသခံရွာသားများအကြား ပထမဦးဆုံးအကြိမ်တွေ့ဆုံမှုတွင် ဒေသခံများဘက်မှ ချစ်လင်းမြိုင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကရင်ပြည်နယ်၊ နယ်ခြားစောင့်တပ် အတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ကျောက်ထုတ်လုပ်သည့် စီမံကိန်းကြောင့် လက်ရှိအချိန်တွင် ဒေသခံများ၏ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် နေထိုင်ရေးတို့တွင် ခြိမ်းခြောက်မှုများရှိမည်ကို စိုးရိမ်သောကြောင့် ကုမ္ပဏီဘက်မှ ထောက်ပံ့မည့် ရံပုံငွေကို မယူတော့ဘဲ ကျောက်ထုတ်လုပ်သည့် စီမံကိန်းကိုဖျက်သိမ်းပေးရန် တောင်းဆိုခြင်းဖြစ်သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။

**တိုက်ပွဲအကြား ပိတ်မိနေသော ဒေသခံ ၁၅၂ ဦးကို ကယ်ထုတ်ခွင့် တားမြစ်ခံရ**

ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် မေလ ၄ ရက်နေ့တွင် ကချင်ဘာသာရေးအဖွဲ့မှ ခေါင်းဆောင်များ၊ ကချင်ငြိမ်းချမ်းရေး အကျိုးတော်ဆောင် ကွန်ယက် (PCG) မှ တာဝန်ရှိသူများနှင့် ပိတ်မိနေသူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြတောင်းဆိုနေကြသည့် လူငယ်များသည် တိုက်ပွဲဧရိယာအနီး ပိတ်မိနေသည့် ကာမိုင်းမြို့နယ်ခွဲ၊ လိုင်နောင်ခူးဒေသခံ ၁၅၂ ဦး ထံသို့ သွားရောက်ခဲ့ကြသော်လည်း တပ်မတော်မှ ကယ်ဆယ်ခွင့် တားမြစ်ခဲ့သည်။

လိုင်နောင်းခူဒေသခံများသည် ဧပြီလ ၁၂ ရက်နေ့ကတည်းက စတင်၍ ပိတ်မိနေခြင်းဖြစ်ပြီး တိုက်ပွဲများကြောင့် မလုံခြုံ၍ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားသော်လည်း တပ်မတော်မှ တားမြစ်ခဲ့သည်။

ဧပြီလအတွင်းတွင် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်(KIA)တို့ တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် ဖားကန့်မြို့နယ်၊ တနိုင်းမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် အင်ဂျန်းယန်မြို့နယ် တို့တွင် စစ်ဘေးရှောင်ဒုက္ခသည် ခြောက်ထောင်ကျော်တိုးလာပြီး ရွာနှင့် တောများအတွင်း ထွက်ပြေးမရ၍ ပိတ်မိနေသူ သုံးထောင်ကျော်ရှိသည်ဟု သိရှိရသည်။

**လေးလအတွင်း တိုင်ကြားစာ နှစ်ထောင်ကျော် အဂတိတိုက်ဖျက်ရေး ကော်မရှင် လက်ခံရရှိ**

ပြန်ကြားရေးဝန်ကြီးချုပ်ဟောင်း ဦးအောင်ကြီး ဦးဆောင်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏သက်တမ်း လေးလကျော် အတွင်း တိုင်ကြားစာပေါင်း နှစ်ထောင်ကျော် လက်ခံရရှိထားပြီး ညွှန်ကြားရေးမှူးချုပ်တစ်ယောက်၏ အဂတိလိုက်စားမှုကို ပထမဆုံး အကြိမ်အဖြစ် ဖမ်းဆီးတရားစွဲဆို ရုံးတင် စစ်ဆေးနေသည်ဟု သိရှိခဲ့ရသည်။

လယ်ယာမြေစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော တိုင်ကြားစာ တစ်ထောင်ကျော် လက်ခံရရှိခဲ့ပြီး အဂတိလိုက်စားမှုများ အနက် ပြည်ထဲရေး ဝန်ကြီးဌာနကို တိုင်ကြားသောစာသည် အများဆုံးဖြစ်ကာ ဒုတိယအနေဖြင့် တရားရေးဝန်ထမ်းများကို တိုင်ကြားသောစာဖြစ်သည်ဟု သိရှိခဲ့ရသည်။

**အဂတိလိုက်စားမှု၊ မမှန်မကန် လုပ်ဆောင်ခဲ့မှုနှင့် ပတ်သက်၍ တိုင်ကြားစာ၂,၅၁၆ စောင် နိုင်ငံတော်အတိုင်ပင်ခံဝန်ကြီးဌာန လက်ခံရရှိ**

ပြီးခဲ့သည့် နှစ် နှစ်တာကာလအတွင်း နိုင်ငံတော်အတိုင် ပင်ခံဝန်ကြီးဌာနအနေဖြင့် အစိုးရပိုင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်၏ အဂတိလိုက်စားမှု၊ မမှန်မကန်လုပ်ဆောင်ခဲ့မှုများနှင့် ပတ်သက်၍ ပြည်သူလူထုထံမှ အသိပေးတိုင်ကြားစာပေါင်း ၂၅၁၆ စောင် ရရှိခဲ့သည် ဟု နိုင်ငံတော်အတိုင် ပင်ခံရုံးဝန်ကြီးဌာနမှ သိရှိရသည်။ တိုင်ကြားစာအများစုမှာ မြေယာ၊ စီမံခန့်ခွဲအုပ်ချုပ်မှု၊ အဂတိလိုက်စားမှု၊ တရားစီရင်မှုနှင့် လူမှုရေးအကြောင်းအရာ ကိစ္စရပ်များဖြစ်သည်။

**ထားဝယ်အကျဉ်းထောင်တွင် အကျဉ်းသားဦးရေများနေ၍ ထောင်ကျပ်တည်းမှုဖြစ်ပေါ်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) အဖွဲ့ဝင် ဦးယုလွင်အောင် ခေါင်းဆောင်သော လူ့အခွင့် အရေးကြည့်ရှုစစ် ဆေးရေးအဖွဲ့သည် မေလ ၈ ရက်နေ့မှ မေလ ၁၀ ရက်နေ့အထိ ထား ဝယ်မြို့ရှိ ထားဝယ်အကျဉ်းထောင်၊ မြို့နယ်ဆေးရုံနှင့် တရားရုံးအချုပ်ခန်းများသို့ သွားရောက်၍ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိ၊မရှိ စစ်ဆေးမေးမြန်းခဲ့သည်။ ထိုသို့သွားရောက် စစ်ဆေးခဲ့ရာတွင် တနင်္သာရီတိုင်း၊ ထားဝယ်မြို့ရှိ အကျဉ်းသား ၅၀၀ ခန့်သာဆံ့သည့် ထားဝယ်အကျဉ်းထောင်တွင် အကျဉ်း သား ၂၀၀ ခန့် ပိုနေသည်ကို တွေ့ရှိခဲ့ကြောင်း ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။ ထို့ပြင် အကျဉ်းသားဦးရေများနေသောကြောင့် အကျဉ်းသားများသည် ကိုယ်တစ် ခြမ်းစောင်း၍ အိပ်ရပြီး ရေဝအောင်မချိုးရသည်ကို တွေ့ရှိရကြောင်း ပြောကြားခဲ့သည်။

**စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော် တောင်းဆိုသူများကို ဖြိုခွင်းရာ၌ အရပ်သားများကို အသုံးပြုခြင်းမရှိဟု ရဲချုပ် ငြင်းဆို**

မေလ ၁၅ ရက်နေ့တွင် နေပြည်တော်၌ပြုလုပ်သည့် အစိုးရသက်တမ်း နှစ်နှစ်ပြည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ်‌ အောင်ဝင်းဦးမှ စစ်ပွဲများရပ်တန့်ရန် ရန်ကုန်မြို့၊ တာမွေအဝိုင်းထိပ်တွင် ဆန္ဒထုတ်ဖော်တောင်းဆိုသူများကို ဖြိုခွင်းဖမ်းဆီးရာ၌ အရပ်သားများကို အသုံးပြုခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းမှ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၂၇ အရ ဒုရဲအုပ်အောက်မနိမ့်သည့် ရဲအရာရှိက အများပြ ည်သူ ငြိမ်းချမ်းခြင်းကို အနှောင့်အယှက်ပြုဟန်ရှိသည့် လူစုလူဝေးအား လူစုကွဲရန် အမိန့်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းအမိန့်အရ လူစုမခွဲပါက ဒုရဲအုပ်အောက်မနိမ့်သည့် ရဲအရာရှိက အစုအဝေးကို လူစုကွဲအောင် ဆောင်ရွက်နိုင်ကြောင်း ရှင်းပြခဲ့သည်။ ဆက်လက်၍ ထိုသို့ပြု လုပ်ရာတွင် လက်နက်ကိုင် မဟုတ်သူမည်သည့်အမျိုးသားကိုမဆို အကူအညီတောင်းခံနိုင်သည်ဟု ဖော်ပြထားကြောင်းလည်း ပြောကြားခဲ့သည်။

မေလ ၁၄ ရက်နေ့တွင် အရပ်ဘက်အဖွဲ့အစည်း ၃၉၁ ဖွဲ့မှ ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ရဲများနှင့် အရပ်ဘက်အဝတ်အစားဝတ်ဆင်ထားသူများမှ စစ်ပွဲ များရပ်တန့်ရန် ဆန္ဒထုတ်ဖော်သူများကို ရိုက်နှက်ခြင်းအား ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ဆန္ဒထုတ်ဖော်သူများကို ဖြိုခွင်းသူများအား ဖော်ထုတ်ရန်နှင့် အရေးယူရန်လည်း တောင်းဆိုခဲ့သည့်အပြင် စစ်ပွဲများရပ်တန့်ရန် နိုင်ငံ တစ်ဝှမ်းတွင် ဆန္ဒထုတ်ဖော်ခြင်းကြောင့် ဖမ်းဆီး ထိန်းသိမ်းခြင်းခံထားရသော တက်ကြွလှုပ်ရှားသူများကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်လည်း တောင်းဆိုခဲ့သည်။

**ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် တရားစွဲဆိုခံရသူ ၄၂ ဦးရှိဟု အသံအဖွဲ့ထုတ်ပြန်**

ကချင်ပြည်နယ်တွင် [ ဖြစ်ပွားနေသော စစ်ပွဲများရပ်တန့်ရန်နှင့် ငြိမ်းချမ်းရေးရရှိရန် မေလအတွင်း ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ဖော်ခဲ့ခြင်းအတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်(ငြိမ်း၊စု၊စီ)ဥပဒေဖြင့် တရားစွဲဆိုခံထားရသည့် အမှုပေါင်း ၁၃ မှုရှိပြီး တက်ကြွလှုပ်ရှားသူ ၄၂ ဦး အမှုရင်ဆိုင်‌နေရသည်ဟု အသံ (လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့) မှ မေလ ၁၅ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

မေလ ၅ ရက်နေ့ကတည်းက စတင်၍ မြစ်ကြီးနား၊ ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ ပြည်တို့၌ ငြိမ်းချမ်းရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် တရားစွဲဆိုခံရခြင်းဖြစ်ကြောင်း အသံအဖွဲ့အမှုဆောင်ဒါရိုက်တာ မောင်ဆောင်းခမှ ပြောကြားခဲ့သည်။ တရားစွဲဆိုခံထားရသည့် အမှု ၁၃ မှုတွင် ရန်ကုန်တိုင်းမှ ခုနစ်မှု၊ မန္တလေးတိုင်းမှ သုံးမှု၊ ကချင်ပြည်နယ်မှ နှစ်မှုနှင့် ပဲခူးတိုင်းမှ တစ်မှုတို့ ဖြစ်ကြသည်။

တရားစွဲဆိုခံရသူအများစုသည် ငြိမ်းစုစီဥပဒေပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရပြီး ငြိမ်းစုစီ ဥပဒေပုဒ်မ ၂၀ ဖြင့်လည်း တက်ကြွလှုပ်ရှားသူ ၁၇ ယောက် တရားစွဲဆိုခြင်းခံခဲ့ရသည့်ပြင် တက်ကြွလှုပ်ရှားသူ သုံးဦးသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အသရေဖျက်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခြင်းကိုခံထားရသည်ဟု မောင်ဆောင်းခမှ ပြောကြားခဲ့သည်။

**နေအိမ် ရှစ်လုံးအား ပြောင်းရွှေ့ပေးရန် ဖိအားပေးခြင်းခံနေရ**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ခမောင်းတုံးအုပ်စု၊ ဒေါ်မျှရွာသစ်တွင် နေထိုင်သော ရွာသားများ၏ နေအိမ်ရှစ်လုံးကို သစ်တောဦးစီးဌာနမှ ရက်နစ်ဆယ်အတွင်း ပြောင်းရွှေ့ပေးရန် ဖိအားပေးနေသဖြင့် အခက်ကြုံနေကြရသည်။ ရွာသားများအနေဖြင့် ထိုရွာသစ်တွင် နေထိုင်လာသည်မှာ လေးနှစ်ခန့် ကြာမြင့်နေပြီဖြစ်သည်။ ရွာသားများသည် ပြောင်းရွှေ့၍ အိမ်ပြန်ဆောက်ရန် ငွေကြေး မတတ်နိုင်သည့်ပြင် သစ်တောဌာနမှ ချထားပေးသော နေရာသည် ရွာသားများ မစင်စွန့်သည့် နေရာဖြစ်သည့်အတွက် နေထိုင်ရန် အဆင်မပြေဟု ရွာသားများမှ ပြောကြားခဲ့သည်။

**မောက်မယ်ဒေသခံများကို စစ်တပ်မှ ရိုက်နှက်၍ ဒေသခံတစ်ဦး နားရွက်ပြတ်**

မေလ ၁၀ ရက်နေ့တွင် တပ်မတော်၊ ခြေလျင်တပ်ရင်း ခလရ ၄၃၀ မှ ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ်၊ ဒူးကြီးကျေးရွာအုပ်စု၊ ပုံစုပ်ကျေးရွာမှ ဒေသခံ အမျိုးသားလေးဦးကို လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်မှုရှိသည်ဟု စွပ်စွဲ၍ ရိုက်နှက်ခဲ့သည်။ ရိုက်နှက်ခြင်း ခံရသည့် ရွာသားများအနက် တစ်ဦးသည် ၆ ခါင်းကွဲသွားခဲ့ပြီး နောက်တစ်ဦးသည် နားရွက်တစ်ဘက်ပြတ်သွားခဲ့သည့်အတွက် မောက်မယ်မြို့နယ်၊ ပြည်သူ့ဆေးရုံတွင် တက်ရောက်၍ ဆေးကုသမှု ခံယူနေရသည်။ ဒေသခံလေးဦး ကျွဲကျောင်းနေစဉ် တပ်မတော်၊ ခြေလျင်တပ်ရင်း ခလရ ၄၃၀ မှ ၎င်းတို့အား ခေါ်ယူကာ ရိုက်နှက်ခဲ့ခြင်းဖြစ်သည်။ မောက်မောက်မြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နန်းဖွေးဟွမ်ဦးမှ နားရွက်ပြတ်သူ အမျိုးသား ခွန်ဌားဆိုသူသည် ခြိမ်းခြောက်မှုများရှိသည့်အတွက် အမှုဖွင့်ခြင်း၊ အပစ်အခတ် တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲကော်မတီ (JMC) ကို တိုင်ကြားခြင်း မပြုလုပ်ရဲပါဟု ပြောကြားခဲ့သည်။

**အင်ဂျန်းယန်မြို့နယ်ရှိ စစ်ပြေးဒုက္ခသည်များထံ သတင်းသွားယူမည့် မီဒီယာအဖွဲ့များ တားဆီးခံရ**

ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ်ရှိ စစ်ဘေးဒုက္ခသည်များထံ သွားရောက်သတင်းယူမည့် သတင်းမီဒီယာများသည် လမ်းခုလတ်တွင် တားဆီးခြင်းခံခဲ့ရသည်။ အစိုးရစီစဉ်မှု ဖြင့် သတင်းသမားများသည် မေလ ၁၉ ရက်နေ့မှ စတင် ထွက်ခွာလာခဲ့ရာ နောင်းနန်ကျေးရွာအရောက်တွင် ခရီးစဉ်တာဝန်ရှိသူ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လဒီးမှ တားမြစ်ခဲ့ခြင်းဖြစ်သည်။ မည်သည့် အတွက်ကြောင့် တားဆီးပိတ်ပင်သည်ကိုလည်း ပြောကြားခြင်းမရှိပါ။ တားဆီးခြင်းခံရသော သတင်းမီ ဒီယာများသည် ကချင်သတင်းဌာန (KNG)၊ မြစ်ကြီးနားသတင်းဂျာနယ်၊ The Kachin Time ၊ Eleven နှင့် ဒီမိုကရက်တစ်မြန်မာ့အသံ(DVB) တို့မှ ဖြစ်ကြသည်။

**ဆန္ဒပြပွဲတိုက်ရိုက်ထုတ်လွှင့်သည့်ဂျာနယ်ကို တောင်းပန်ခြင်းမပြုပါက တရားစွဲဆိုမည်**

မွန်ပြည်နယ်ရှိ သိမ်းဆည်းခံမြေယာများအရေး ဆောင်ရွက်ပေးရန် မေလ ၁၉ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီရုံးရှေ့၌ မွန်ပြည်နယ်၊ ဘီးလင်းဒေသခံ ကရင်တိုင်းရင်းသားများ ဆန္ဒထုတ်ဖော်ခဲ့ခြင်းကို တိုက်ရိုက်ထုတ်လွှင့်ခဲ့သည့် ယူနတီဂျာနယ်ကို တောင်းပန်ခြင်းမပြုပါက တရားစွဲဆိုမည်ဖြစ်ကြောင်း မွန်ပြည်နယ် အမှတ် ၁၁ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်းမှ ပြောကြားခဲ့သည်။ ယူနတီဂျာနယ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးသန်းထိုက်လူမှ မေလ ၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်းမှ ဆက်သွယ်ခဲ့ပြီး ဂျာနယ်တိုက်အနေနှင့် တရားဝင်စာရေးသားပေးပို့ရန် ပြောဆိုထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ပြစ်မှုရင်ဆိုင်နေသော ကလေးများကို ချုပ်နှောင်ထားစဉ် ညှဉ်းပန်းနှိပ်စက်ခြင်းများ ရှိကြောင်း လူ့အခွင့်အရေးကော်မရှင် ထုတ်ပြန်**

ပြစ်မှုရင်ဆိုင်နေရသော ကလေးသူငယ်များအား လူကြီး အကျဉ်းသားများဖြင့် ရောနှော ချုပ်နှောင်ထားခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများရှိကြောင်း မြန်မာ နိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် (MNHRC)မှ မေလ ၂၁ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ကော်မရှင်မှ ဧပြီလ ၂ ရက်နေ့၊ ၃ ရက်နေ့နှင့် ၃၀ ရက်နေ့များတွင် ငှက်အော်စမ်း လူငယ်သင်တန်း ကျောင်းသို့ လည်းကောင်း၊ မေလ ၉ ရက်နေ့နှင့် မေလ ၁၅ ရက်နေ့တို့တွင် သန်လျင်လူငယ်သင်တန်း ကျောင်းနှင့် အမျိုးသမီးသက်မွေး ပညာသင်ကျောင်းသို့လည်းကောင်း သွားရောက်ခဲ့ပြီး အမှုစစ်ဆေးဆဲကလေး ၁၀၅ ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ကလေး ၉၂ ဦးမှ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များသည် စွပ်စွဲခံထားရသော ကလေးသူငယ်များအား လူကြီးအကျဉ်းသားများနှင့် ရောနှော ချုပ်နှောင်ခဲ့သည်ဟု ထုတ်ဖော်ပြောဆိုခဲ့ပြီး ကလေး ၁၉ ဦးမှလည်း လက်ဖြင့် ရိုက်နှက်ခြင်း၊ ခြေဖြင့် ကန်ကျောက်ခြင်းများရှိကြောင်း အသီးသီးဖြေကြားခဲ့သည် ဟု ကော်မရှင်မှ ဖော်ပြထားသည်။

ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူ ကလေးသူငယ်များအား သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများ၌ ချုပ်နှောင်ထားရာတွင် လူကြီးများနှင့် ချုပ်နှောင်ခြင်းမပြုဘဲ သီးသန့်ထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ် များအား ဖမ်းဆီးချုပ်နှောင်စဉ် ညှဉ်းပန်းနှိပ်စက်မှုများ မရှိစေရေး ဆောင်ရွက်ပေးရန် ကော်မရှင်မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုတိုက်တွန်းထားသည်။

ကလေးသူငယ်တိုင်းပညာသင်ကြားခွင့်ရှိသဖြင့် တရားရုံးတွင် ရင်ဆိုင်နေရသော ကလေးများအနေဖြင့် ပညာသင်ကြားခွင့် ဆုံးရှုံးမှု မ ရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသည့်ဌာနများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သင့်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ကော်မရှင်မှ အကြံပြုတိုက်တွန်းခဲ့သည်။

**တပ်မတော် ဗိုလ်ကြီးတစ်ဦးမှ သေနတ်ဖြင့်ပစ်၍ အရပ်သားတစ်ဦးသေဆုံး**

မေလ ၁၆ ရက်နေ့တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်အခြေစိုက် ခမရ ၅၈၇ မှ ဗိုလ်ကြီးအောင်ကိုကိုမင်းမှ ရေးမြို့နယ်၊ ကုလားဂုတ်ကျွန်း၊ အလပ်ဆိပ်တွင် နေထိုင်သူ ကိုတင်စိုးမြင့်ကို မှတ်ပုံတင်စစ်ဆေးရန် ခေါ်ဆောင်သွားပြီးနောက် သေနတ်ဖြင့် ပတ်ခတ်ခဲ့၍ ကိုတင်စိုးမြင့် သေဆုံးခဲ့သည်။ ကိုတင်စိုးမြင့်၏ ယောက္ခမဖြစ်သူ နိုင်ချမ်းအေးမှ ကိုတင်စိုးမြင့်နှင့် ၎င်းတို့နှစ်ဦး ရာအိမ်မှူး ဦးသိမ်းထူးအိမ်သို့ သွားရောက်သောအခါ ဗိုလ်ကြီး အောင်ကိုကိုမင်းကို ဦးသိမ်းထူး၏ နေအိမ်တွင် တွေ့ရှိခဲ့သည်၊ ဗိုလ်ကြီး အောင်ကိုကိုမင်းမှ ကို တင်စိုးမြင့်ကို မှတ်ပုံတင်မေးသောအခါ ကိုတင်စိုးမြင့်မှ ပျောက်သွား၍ နောက်နေ့တွင် ထောက်ခံစာလာပို့ပေးမည်ဟု ပြန်လည်ပြော ကြားခဲ့သည်၊ ထို့နောက် ဗိုလ်ကြီးအောင်ကိုကိုမင်းမှ ကိုတင်စိုးမြင့်အား လက်သီးဖြင့်ထိုးခြင်း၊ ကန်ခြင်းများပြုလုပ်ခဲ့သည့်ပြင် အိမ်ပေါ်မှ အိမ်အောက်အဆင်း လှေကား၌ ကျောဘက်ကို ကန်ခဲ့ပြီး အိမ်အောက်၌ရှိသော အရပ်ဝတ် စစ်သား သုံးဦးမှ ကိုတင်စိုးမြင့်အား လက်သီးဖြင့် ဝိုင်း၍ထိုးခဲ့သည်၊ ၎င်းနောက် သူ့အား အိမ်ပြန်လွှတ်ခဲ့ပြီး ကိုတင်စိုးမြင့်ကို ခေါ်ဆောင်သွားခဲ့သည်ဟု ပြောကြားခဲ့သည်။ မေလ ၁၇ ရက်နေ့တွင် ကိုတင်စိုးမြင့်၏ ယောက္ခမဖြစ်သူ နိုင်ချမ်းအေးနှင့်မိသားစု ခမရ ၅၈၇ တပ်ကုန်းသို့သွားရောက်သောအခါ ကိုတင်စိုးမြင့်သေဆုံးနေသည်ကို တွေ့ရှိရပြီး ဗိုလ်ကြီး အောင်ကိုကိုမင်းကို လက်ထိပ်ခတ်ထားသည်ကို တွေ့ရှိရသည်။

မေလ ၁၈ ရက်နေ့တွင် သေဆုံးသူ ကိုတင်စိုးမြင့်၏ ဇနီးဖြစ်သူ မခင်ဆွေတင့်မှ ဗိုလ်ကြီး အောင်ကိုကိုမင်းအား ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် လမိုင်းနယ်မြေရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

**တက္ကသိုလ်များတွင် နိုင်ငံရေးစာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ပြုလုပ်ခွင့်တားမြစ်**

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် ေ ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ ဦးစီးပြုလုပ်သည့် နိုင်ငံရေးနှင့် ပတ်သက် သော စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများကို ပြုလုပ်ခွင့်မပြုရန် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ညွှန်ကြားထားသည်။ အဆိုပါ ညွှန်ကြားချက်ကို အဆင့်မြင့်ပညာဦးစီးဌာနမှ သက်ဆိုင်ရာကျောင်းများသို့ မေလ ၂၁ ရက်နေ့တွင် စာပို့အကြောင်းကြားခဲ့သည်။

စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ကျင်းပရန်ရှိပါက သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၏ စိစစ်ချက်၊ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့၏ ထောက်ခံချက်တို့နှင့်အတူ အဆင့်မြင့်ပညာဦးစီးဌာနသို့အသိပေး၍ သဘောထားမှတ်ချက် ရယူရန်၊ နိုင်ငံရေးနှင့် ပတ်သက်သည့် စာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ခွင့်မပြုရန် ညွှန်ကြားချက်တွင် ရေးသားထားသည်။

ထိုညွှန်ကြားချက်မထွက်မီကပင် ကျောင်းသားအဖွဲ့အစည်းများသည် ကျောင်းဝင်းအတွင်း အခမ်းအနားများ၊ လှုပ်ရှားမှုများ ပြုလုပ်ရန် ပါမောက္ခချုပ်ထံ ကြိုတင်ခွင့်ပြုချက်တောင်းခံခဲ့ရပြီး ခွင့်ပြုချိန်အထိ စောင့်ဆိုင်းရသဖြင့် ကြန့်ကြာမှုများရှိခဲ့ရာ ယခုကဲ့သို့ ပါမောက္ခချုပ်မှ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့၊ အဆင့်မြင့်ပညာဦးစီးဌာနသို့ အဆင့်ဆင့် တင်ပြရပါက ပိုမိုကြန့်ကြာနိုင်ကြောင်း စီး ပွားရေးတက္ကသိုလ် ကျောင်းသားသမဂ္ဂ ကျောင်းသားရေးရာကော်မတီမှ ကိုမင်းဟိန်းခန့်မှ ပြောကြားခဲ့သည်။

ကွန်မြူနစ် အယူအဆကို တွေးခေါ်ဖော်ထုတ်သူ ကားလ်မာ့စ်၏ နှစ်(၂၀၀)ပြည့်မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ဆွေးနွေးပွဲကို ရန်ကုန်တက္ကသိုလ်တွင် မေလ ၅ ရက်နေ့၌ ကျင်းပခဲ့ပြီးနောက် ထိုညွှန်ကြားချက်ထွက်လာခြင်းဖြစ်နိုင်ကြောင်း တက္ကသိုလ်ဆရာတချို့မှ ပြောကြားခဲ့သည်။

## ▪ လယ်ယာမြေအငြင်းပွားမှုများ

**သိမ်းဆည်းခြင်းခံထားရသော စိုက်ပျိုးမြေများပြန်လည် ရရှိရေးအတွက် ကြံစိုက်တောင်သူများ ဆန္ဒပြ**

မေလ ၁ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်မှ တောင်သူ ၁၀၀ ခန့်သည် အမြန်လမ်းဖောက်လုပ်စဉ်၌ သိမ်းဆည်းခြင်းခံခဲ့ရသော စိုက်ပျိုးမြေများပြန်လည် ရရှိရေးအတွက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ကျောက်တံတားမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်း မဖောက်လုပ်မီကတည်းက ဒေသခံကြံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် မြေဧက သုံးထောင်ခန့်ကို ၂၀၀၁ ခုနှစ်ခန့်၌ စက်မှု (၁) ဝန်ကြီးဌာနနှင့် ကုမ္ပဏီကြီးများ

မှ ဥပဒေမဲ့ သိမ်းဆည်းခဲ့ပြီး နစ်နာကြေး မပေးခဲ့သောကြောင့် ဆန္ဒပြရခြင်းဖြစ်ကြောင်း တောင်သူများမှ ပြောကြားခဲ့ သည်။

လျော်ကြေးပေးအပ်ခြင်းမရှိသောကြောင့် ယခင်အစိုးရလက်ထက်ကတည်းက သက်ဆိုင်ရာ ဌာနအသီးသီးသို့ အကြိမ်ကြိမ် တင်ပြတိုင်ကြားခဲ့ပြီး တင်ပြချက်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးရန်၊ တောင်သူများကို တစ်ဧကလျှင် ကျပ် ၁၅ သိန်း လျော်ကြေးပေး ရန် ညွှန်ကြားခဲ့သော်လည်း ပေးအပ်ခြင်းမရှိ၍ ဆန္ဒထုတ်ဖော်ခြင်းဖြစ်ပြီး မထူးခြားပါက ထွန်တုံးတိုက်ပွဲဆင်နွှဲမည်ဟု တောင်သူများမှ ပြောကြားခဲ့သည်။

**သိမ်းဆည်းခြင်းခံထားရသော မြေပေါ်တွင် စီမံကိန်းအကောင်အထည်ဖော်ခြင်း မရှိသောကြောင့် မူလတောင်သူများ သတင်းစာ ရှင်းလင်း**

သိမ်းဆည်းခြင်းခံထားရသောမြေပေါ်တွင် စီ မံကိန်းအကောင်အထည်ဖော်ခြင်းမရှိသောကြောင့် မေလ ၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်မှ တောင်သူများသည် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ၁၉၈၄ ခုနစ်ခန့်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဌာနမှ မွေးမြူရေးစီမံကိန်းကို အ‌ကြောင်းပြကာ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်ရှိ မြေ ၂၇.၁၂ ဧကအား သိမ်းယူခဲ့သည်။ ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြေငါးဧကခန့်တွင် စီမံကိန်းအဖြစ် အဆောက်အအုံများ ဆောက်လုပ်ခဲ့ပြီး မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ သို့သော်လည်း ထိုစီ မံကိန်းကို အကောင်အထည်ဖော်ခြင်းမရှိတော့သည်မှာ ၁၅ နှစ်ခန့် ကြာမြင့်နေပြီဖြစ်ပြီး အခြားမြေနေရာများမှာလည်း ပလပ်မြေအဖြစ် ရှိနေသောကြောင့် မူလပိုင်ရှင်များမှ ပြန်လည်ရယူလို၍ သတင်းစာရှင်းပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သိမ်းဆည်းခြင်းခံခဲ့ရစဉ်ကာလတွင် ‌မြေအစားထိုးပေးခြင်းနှင့် နစ်နာကြေးပေးခြင်းများမရှိကြောင်း ဒေသခံများမှ ရှင်းလင်းပြောကြားခဲ့ပြီး မူလတောင်သူများမှ မြေပြန်လည် ရရှိရေးအတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြထားခြင်းများလည်း ဆောင်ရွက်ထားကြောင်း သိရှိခဲ့ရသည်။

**မာန်အောင်လေယာဉ်ကွင်းတိုးချဲ့ရာတွင် မြေသိမ်းခံရပြီး ထောင်ကျနေသူများကို အာဏာပိုင်များ လာရောက်ညှိနှိုင်း**

ရခိုင်ပြည်နယ်၊ မာန်အောင်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရာတွင် ပါဝင်သွားခဲ့သည့် မြေများအတွက် အစိုးရမှပေးသည့် လျော်ကြေးငွေကို လက်ခံခြင်းမရှိသောကြောင့် ထောင်ဒဏ်ချမှတ်ခြင်းခံထားရသော ဒေသခံနှစ်ဦး၏ မိသားစုဝင်များကို ဧပြီလကုန်ပိုင်းတွင် ဒေသဆိုင်ရာအာဏာပိုင်များမှ လျော်ကြေးငွေလက်ခံပါလျှင် ပြစ်ဒဏ်မှ လွှတ်ပေးမည်ဟု လာရောက်ညှိနှိုင်းခဲ့ကြောင်း ပြစ်ဒဏ်ချမှတ်ခံထားရသူများ၏ မိသားစုဝင်များမှ ပြောကြားခဲ့သည်။

မာန်အောင်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရာ၌ ဒေသခံ ၃၂ ဦး၏ မြေနှင့်နေအိမ်များ ပါ ဝင်ခဲ့ပြီး အစိုးရမှ လျော်ကြေးငွေအဖြစ် တစ်ဧကလျှင် ကျပ်သိန်း ၁၈၀ ပေးခဲ့ရာ တောင်သူ ၃၀ ဦးမှလက်ခံခဲ့သည်။ ကျန်နှစ်ဦးမှ လျော်ကြေးသည် ဒေသပေါက်ဈေးထက်အလွန် နည်းပါးသောကြောင့် လက်မခံခဲ့၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမ ။ ကော်မတီမှ ၎င်းတို့နှစ်ဦးကို လယ်ယာမြေစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၅ ဖြင့် တရားစွဲဆိုခဲ့သည်။ ထို့ကြောင့် မတ်လ ၂၁ ရက်နေ့တွင် ၎င်းတို့နှစ်ဦးသည် ထောင်ဒဏ်ခုနစ်လ ချမှတ်ခြင်းခံခဲ့ရသည်။

**လှိုင်ကော် ဘူတာရုံမှ သိမ်းယူထားသော မြေအတွက် မူလပိုင်ရှင်များထံ လျော်ကြေးငွေပေးအပ်**

လှိုင်ကော်ဘူတာရုံမှ သိမ်းယူအသုံးပြုထားသည့် မြေများ အတွက် မေလ ၃ ရက်နေ့တွင် မူလပိုင်ရှင်တောင်သူများကို မြေယာလျော်ကြေးများ ပေးအပ်ခဲ့သည်။ လှိုင်ကော်ဘူတာရုံ ဧရိယာသည် ၄၄.၈၅၉ ဧကရှိသည့်အနက် တောင်သူခြောက်ဦးပိုင်ဆိုင်သော မြေယာ ၄၃.၂၄ ဧက ပါဝင်သည်။ ထိုမြေများအတွက် လယ်မြေ တစ်ဧကလျှင် ကျပ်သိန်း ၅၀ နှုန်း၊ ယာမြေတစ်ဧကလျှင် ကျပ်သိန်း ၄၀ နှုန်းဖြင့် လျော်ကြေးငွေပေးအပ်ခဲ့ခြင်းဖြစ်သည်။

**သိမ်းဆည်းထားသော စားကျက်မြေများ ပြန်လည်ပေးရန် သံတွဲဒေသခံများ ဆန္ဒပြ**

တပ်မတော်အစိုးရ လက်ထက်တွင် သိမ်းဆည်းခြင်းခံခဲ့ရသည့် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ အံတော်ကျေးရွာပိုင် စားကျက်မြေ ၁၃၅ ဧက ပြန်လည်ရရှိရေးအတွက် မေလ ၄ ရက်နေ့တွင် သံတွဲဒေသခံ ၂၀၀ ခန့်မှ ဆန္ဒ ထုတ်ဖော်ခဲ့သည်။

၁၉၉၄ ခုနစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ဗိုလ်မှူးတင့်ဆန်းနှင့် ဗိုလ်မှူးခင်မောင်သန်းတို့မှ အဆိုပါစားကျက်မြေများကို သိမ်းယူခဲ့ပြီး ရော်ဘာစိုက်ပျိုးခဲ့သည်။ ၂၀၀၆ ခုနစ်တွင် အဆိုပါမြေများကို သိန်းပေါင်း ၂၅၀၀ ဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင် တစ်ဦးကို ရောင်းခဲ့သည်။ ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူ ဦးစံအောင်မှ ထိုမြေများသည် ၎င်းတို့ဘိုးဘွားများ လက်ထက်ကတည်းမှ ပိုင်ဆိုင်လာသော စားကျက်မြေများဖြစ်သည့် အတွက် ထိုမြေများကို ပြန်လည်ရရှိရန်အတွက် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

သိမ်းယူခြင်းခံထားရသည့် စားကျက်မြေများ ပြန်လည်ရရှိရေးအတွက် ၂၀၁၆ ခုနစ်တွင် ရခိုင်ြ ပည်နယ်အစိုးရအဖွဲ့ထံ သုံးကြိမ်ခန့် စာရေးတင်ပြသော်လည်း ထူးခြားမှုမရှိခဲ့ကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ ၎င်းတို့၏ မြေများ ပြန်လည်

မရရှိပါက ဆန္ဒဖော်ထုတ်ပွဲများကို ဆက်လက်ပြုလုပ် သွားမည်ဟုလည်း ဦးစံအောင်မှ ထပ်မံပြောကြားခဲ့သည်။

**သီလဝါဆိပ်ကမ်းတွင် ရဲတပ်ဖွဲ့မှ သေနတ်ဖြင့်ပစ်ခတ်၍ တောင်သူတချို့ ဒဏ်ရာရ**

မေလ ၁၂ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းစီမံကိန်းအတွင်းရှိ အငြင်းပွားနေသော လယ်ယာမြေဧက ၁၀၀ ပေါ်တွင် ဦးပိုင်ကုမ္ပဏီမှ သဲတင်ရန် ပြုလုပ်စဉ် တားဆီးခဲ့သည့်အတွက် လယ်သမားများနှင့် ကုမ္ပဏီကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကာ ရဲတပ်ဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ် ဖြိုခွင်းခဲ့၍ တောင်သူ သုံးဦး ဒဏ်ရာရရှိခဲ့ပြီး တခြားတောင်သူ သုံးဦးသည် သာမန်နာစေကျင့်မှု၊ ဝတ္တရားနှောင့်ယှက်မှု ပုဒ်မ ၃၃၂ ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ မေလ ၁၃ ရက်နေ့တွင် ကျောက်တန်းမြို့မ ရဲစခန်းမှ ဖမ်းဆီးခြင်းခံထားရသူ သုံးဦးကို အာမခံ ဖြင့် လွှတ်ပေးခဲ့သည်။

မေလ ၁၃ ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင်များမှ လယ်မြေထဲပြန်လာသော ဒေသခံများကို ဝင်ခွင့်ပြုခြင်းမရှိသည့်အပြင် ကျန်လယ်သမား ၆၀ ခန့်ကိုလည်း အပြင်သို့ ထွက်ခွင့်မပြုဘဲ ဝင်ပေါက်၊ထွက်ပေါက်များကို ပိတ်ဆို့ထားသည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။

မေလ ၁၄ ရက်နေ့တွင် စီမံကိန်းဇုန်၌ နေထိုင်သော တောင်သူ လေးဦးကို ဝန်ကြီးချုပ်မှ ခေါ်ယူတွေ့ဆုံခဲ့ပြီး ပိုင် ဆိုင်မှုအထောက်အထားများကို တောင်းယူခဲ့သည်ဟု ဝန်ကြီးချုပ်နှင့်တွေ့ဆုံခဲ့သော လယ်ပိုင်ရှင် ဦး သန်းဝင်းမှ ပြောကြားခဲ့သည်။ စစ်ဆေးပြီး ပိုင်ဆိုင်ကြောင်းမှန်ကန်လျှင် မြေယာလျော်ကြေးများပေးမည်ဟု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှိန်မှ ပြောကြားခဲ့သည်။

နိုင်ငံတကာအဆင့်မီဆိပ်ကမ်း တည်ဆောက်ရန် ၁၉၉၅-၁၉၉၆ ခုနှစ်တွင် ဆိပ်ကမ်းအာဏာပိုင်များမှ အိမ်ထောင် စု ၃၉ စု၏ လယ်ယာမြေဧက ၁၀၀ ခန့်ကို သိမ်းယူခဲ့ပြီး တစ်ဧကလျှင် နှစ်သောင်းကျပ်နှုန်းဖြင့် လျော်ကြေးပေးခဲ့ သည်။ ၁၉၉၆ ခုနှစ် နောက်ပိုင်းတွင် စီမံကိန်းအကောင်အထည်ဖော်ခြင်းမရှိသောကြောင့် လက်ရှိလုပ်ကိုင်နေသော လယ်သမားများမှ လယ်မြေအဖြစ် ခုတ်ထွင်ရှင်းလင်း၍ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

မြေယာလျော်ကြေးနှင့် ပတ်သက်၍ ဦးပိုင်ကုမ္ပဏီနှင့် လယ်ယာမြေပိုင်ဆိုင်သူများအကြား အငြင်းပွားနေဆဲဖြစ်သည့် အပြင် ထိုမြေများကို လယ်ယာမြေနှင့် အခြားမြေများ စိစစ်ရေးကော်မတီမှ စိစစ်နေဆဲဖြစ်သည်။ အဆိုပါမြေများသည် ဦးပိုင်ကုမ္ပဏီ၏ စီမံကိန်းမြေအတွင်း ပါဝင်နေသည်။ လယ်သမားများကို လျော်ကြေးညှိနှိုင်းပေးခြင်းမရှိသောကြောင့် တားဆီးခဲ့ခြင်းဖြစ်သည်ဟု လယ်သမားများမှ ပြောကြားခဲ့သည်။ တားမြစ်ရာတွင် ပါဝင်သည့် ဦးဆောင်လယ်သမားများကို ရဲတပ်ဖွဲ့မှ ရှာဖွေဖမ်းဆီးနေသည်ဟု သိရှိခဲ့ရသည်။

**ကျောက်ဆည်မြို့နယ်အတွင်း သိမ်းဆည်းခံမြေယာများအရေး ဖြေရှင်းပေးရန် တောင်သူများတောင်းဆို**

သိမ်းဆည်းမြေယာများကို စီမံကိန်းအတွက်လုပ်ကိုင်ခြင်း မရှိဘဲ သီးစားချထားနေခြင်းများကို ဖြေရှင်းပေးရန် မေလ ၁၃ ရက်နေ့တွင် မန္တလေးမြို့၌ မြေသိမ်းခံတောင်သူများမှ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

၁၉၉၄ ခုနှစ်တွင် ကျောက်ဆည်မြို့နယ်၊ လေးဆယ်ကုန်းနှင့် အုန်းခရိုင်ကျေးရွာရှိ တောင်သူ ၂၅ ဦးပိုင်ဆိုင်သော လယ်ယာမြေဧက ၂၀၀ ကျော်ကို တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်စားကျက်မြေအဖြစ် သိမ်းယူခဲ့ပြီး လျော်ကြေးငွေပေးအပ်ခြင်း မရှိခဲ့ပါ။

လက်ရှိတွင် အဆိုပါလယ်ယာမြေများကို စီမံကိန်းလုပ် ကိုင်ခြင်းမရှိဘဲ မြို့နယ်နှင့် ခရိုင်ထွေအုပ်၊ တိမွေးကုနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ ခွဲဝေ ယူကာ အကျိုးအမြတ်ရယူပြီး သီးစားချထားလုပ်ကိုင်ခွင့်ပြုနေခြင်း အပေါ် ဖြေရှင်းခြင်း မပြုပါက ၎င်းတို့အနေဖြင့် ဝင်ရောက်ထွန်ယက် စိုက်ပျိုးမည်ဖြစ်ကြောင်း မြေသိမ်းခံတောင်သူများမှ ပြောကြားခဲ့သည်။

**ပြည်သူ့စစ်မှ ရွာသားများကို သေနတ်ဖြင့်ပစ်**

မေလ ၁၄ ရက်နေ့တွင် MTA မတ်ကျန်းပြည်သူ့စစ်ဗိုလ်မှူးအဆင့်ရှိသူ ဦးခမ်းဧ အောင်နှင့်အဖွဲ့မှ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စု၊ နမ့်ဟူးကျေးရွာအနီးရှိ အငြင်းပွား ယာမြေပေါ်တွင် ဝင်ရောက်ထွန်ယက်သည့် လယ်သမားများကို သေနတ်ဖြင့် ခြိမ်းခြောက်ပစ်ခတ်၍ ရိုက်နှက်ခဲ့သည်။ ယင်းပစ်ခတ်မှုကြောင့် ရွာသားများ ထိခိုက် သေဆုံးခြင်း မရှိသော်လည်း ကန်ကျောက်ရိုက်နှက်မှုများကြောင့် ရွာသားတချို့ ဒဏ်ရာရရှိခဲ့သည်ဟု နမ့်ဟူးဒေသခံ ခွန်မြင့်အောင်မှ ပြောကြားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် မတ်ကျန်းပြည်သူ့စစ်မှ နမ့်ဟူးကျေးရွာအနီးရှိ ဧက ၃၀၀ ကျော်ကို သိမ်းယူခဲ့၍ အငြင်းပွားမှုများ မကြာခဏဖြစ်ပွားခဲ့ကာ ၂၀၁၄ ခုနှစ်တွင် အာဏာပိုင်များမှ ရွာသားတစ်ဦးကို ဖမ်းဆီးထောင်ချခဲ့သည်။

**လယ်ယာမြေသိမ်းဆည်းသည်ဟုစွပ်စွဲခြင်းခံထားရသော စီမံကိန်း အကောင်အထည်ဖော်သူများ စီမံကိန်းကို ရပ်တန့်ရန် အစိုးရ၏ ညွှန်ကြားမှုကို ဆန့်ကျင်**

ဦးကျော်တောင် ဦးဆောင်သော ထာဝရအောင်မြေအများပိုင် ကုမ္ပဏီသည် စီမံကိန်းကို ရပ်တန့်ရန် အစိုးရ၏ ညွှန်ကြားမှုကို ဆန့်ကျင်၍ ရခိုင်ပြည်နယ်တောင်ပိုင်းတွင် ကြီးမားသော ဆောက်လုပ်ရေးစီမံကိန်းတစ်ခုကို ဆက်လက် ဆောင်ရွက်လျက် ရှိသည်။ ကုမ္ပဏီသည် တောင်ကုတ်မြို့နယ်အတွင်းရှိ လမုတော လယ်ယာမြေ၊ အသုံးမပြုသည့်မြေနှင့် စားကျက်မြေ စုစုပေါင်း ၄၅၀ ဧကပေါ်တွင် အိမ်ရာများ၊ ပန်းခြံ၊ ဘောလုံးကွင်း၊ ဈေးနှင့် မင်္ဂလာခန်းမတို့ပါဝင်သော မြို့သစ်တစ်ခုကို တည် ဆောက်လျက်ရှိပြီး ၃၀ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီးပြီး ဖြစ်သည်။ အစိုးရမှ ဆောက်လုပ်ရေးစီမံကိန်းကို ရပ်တန့်ရန် ညွှန်ကြားခဲ့သော်လည်း စီမံကိန်းကို ဆက်လက်လုပ်ဆောင် လျှက်ရှိသည်။ ထို့မျှသာမက လယ်ယာမြေခွင့်ပြုချက်များမရှိဘဲ ကုမ္ပဏီသည် တောင်ကုတ်မြို့စွန်တွင် အိမ်ရာစီမံကိန်းကို တည် ဆောက်ပြီးစီးသွားပြီ ဖြစ် သည်။

ထာဝရအောင်မြေကုမ္ပဏီသည် လယ်သမားများထံမှ မြေယာ ၁၇၉ ဧကကို တစ်ဧကလျှင် ၂.၅ သန်းကျပ်ဖြင့် ဝယ်ယူခဲ့သည်ဟု ပြောကြား ခဲ့သည်။ သို့သော်လည်း မြို့နယ်အာဏာပိုင်များနှင့် အစိုးရ၏ လယ်ယာမြေစစ်ဆေးရေးကော်မတီမှ ကုမ္ပဏီမှ လယ်သမားများကို လျော်ကြေးမပေးဘဲ ဧက ၁၃၀ ကို သိမ်း ယူခဲ့သည်ကို တွေ့ရှိခဲ့သည်။ ရခိုင်ပြည်နယ်မှ လယ်သမားများ သည် လယ်ယာမြေ ပို င်ဆိုင်မှု ရရှိရန် အစိုးရထံ လျှောက် ထားခြင်းမရှိဘဲ ထိုလယ်ယာမြေများသည် ဘိုးဘွားပိုင်လယ်ယာ မြေများအဖြစ် ၎င်းတို့၏အသိုင်းအဝိုင်းမှ အသိအမှတ်ပြုထား သည်။

ထို့မျှသာမက ကုမ္ပဏီမှ လမုတောမြေများကို ပြန်လည်ဖြည့်ပေး ရန် သဘောတူညီခဲ့သည်၊ အခြားမြေများအတွက်မူ လန (၃၉) ပုံစံများ စောင့်နေကြရဆဲဖြစ်သည်။ လန (၃၉)သည် တခြား ရည်ရွယ်ချက်ဖြင့် အသုံးပြုရန် တရားဝင် လယ်ယာမြေ အသုံး ပြုခွင့် ပုံစံဖြစ်သည်။ ထို့ပြင် စီမံကိန်းအကောင်အထည် ဖော်သူ များ တင်သွင်းလာသည့် အဆိုတင်သွင်းလွှာတွင် ပါဝင်သည့် အသုံးပြုမည့် ပမာဏနှင့် အမှန်တ ကယ်အသုံးပြုသည့် ပမာဏ သည် ကွာခြားလျက်ရှိသည်ကို ကော်မတီမှ စစ်ဆေး တွေ့ရှိခဲ့ သည်။ ထို့ကြောင့် စီမံကိန်း၏ ပမာဏကို ပြန်လည် စစ်ဆေးရန် ကော်မတီမှ အကြံပြုထားသည်။

**အမရပူရမြို့ပြ စီမံကိန်းအတွင်းပါဝင်သည့် မြေနကျွန်းများအ တွက် ကျပ်သိန်းတစ်သောင်းနှစ်ထောင်ကျော်လျော်ကြေးပေး**

မေလ ၁၅ ရက်နေ့တွင် Mandalay Business Capacity City Development Committee မှ အမရပူရမြို့ပြ ဖွံ့ဖြိုး ရေးစီမံကိန်း ဧရိယာအတွင်းပါဝင်ခဲ့သော မြေနကျွန်းဧက ၂၀၀ ခန့်အတွက် လျော်ကြေးငွေ ကျပ်သိန်း ၁၂,၅၀၀ ခန့် ကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ထံသို့ ပေးအပ်ခဲ့သည်။ ထိုလျော် ကြေးငွေကို မြေနကျွန်းပေါ်တွင် စိုက်ပျိုးလုပ်ကိုင်နေသည့် ရွှေကြက်ယက်ရွာသား ၇၀၀ ခန့်အတွက် ပေးအပ်ခြင်း ဖြစ်သည်။ ကုမ္ပဏီမှ ပေးအပ်သော မြေယာလျော်ကြေးများကို တောင်သူများထံ အချိုးကျ ခွဲဝေပေးမည်ဖြစ်ပြီး ကျေးလက် ဖွံ့ ဖြိုးရေး လုပ်ငန်းများကိုလည်း လုပ်ဆောင်သွားမည်ဖြစ် ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့မှ ပြောကြားခဲ့ သည်။

အမရပူရမြို့ပြစီမံကိန်းကို အမရပူရမြို့နယ်၊ ရွှေကြက်ယက် ကျေးရွာအနီး၊ ဧရာဝတီမြစ်ဆိပ်ကမ်းတွင် မြို့တော်စည်ပင် သာယာရေး ကော်မတီနှင့် Mandalay Business Capacity City Development Committee တို့ အကျိုးတူ ပူးပေါင်းလုပ်ဆောင်နေခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် အောက်တို ဘာလခန့်တွင် စီမံကိန်းအပိုင်းတစ်ကို စတင်လုပ်ဆောင်ခဲ့ သည်။

**တပ်သိမ်းလယ်ယာမြေ ဧက ၁,၆၀၀ ကျော်ကို မူလတောင် သူများထံ ပြန်လည်ပေးအပ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ကသာစသည့် ခရိုင်များအတွင်းရှိ ပြန်လည်စွန့်လွှတ်သည့် မြေယာများကို မူလ တောင်သူများထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ -(၃) လက်မှတ်ပေးအပ်ခြင်းနှင့် မြေလွတ်မြေလပ် မြေရိုင်းများ ကို နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း အခမ်း အနားကို မေလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ စစ်ကိုင်း တိုင်းဒေသကြီးတွင် တပ်မတော်မှ သိမ်းဆည်းခဲ့သည့် လယ် ယာမြေ ဧက ၁,၆၇၄ ဒသမ ၈၄ ဧကကို မူလတောင်သူ ၆၉၄ ဦးထံ ပြန်လည်ပေးအပ်ခဲ့ပြီး မြေလွတ်မြေလပ်မြေရိုင်း ဧက ၆,၄၈၈ ဒသမ ၄၇ ဧကကို ပြန်လည်စွန့်လွှတ်ခဲ့ကြောင်း စစ်ကိုင်းတိုင်းအစိုးရအဖွဲ့ စို က်ပျိုးရေးနှင့် မွေးမြူရေးဆည် မြောင်းဝန်ကြီး ဦးကမ်ဇာမုံမှ ပြောကြားခဲ့သည်။

**တွံတေး လယ်ဧက ၈၀၀ ကျော်အတွက် လယ်သမားများ အစိုးရထံမှ လျော်ကြေးလက်မခံ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးမြို့နယ်ရှိ လယ်ဧက ၂၈၀၀ ပေါ်တွင် တည်ဆောက်မည့် အိမ်ရာစီမံကိန်းကို လယ်ဧက ၈၀၀ မှ လယ်သမားများသည် အစိုးရ၏ လျော်ကြေးကို လက် ခံခြင်းမရှိကြောင်း တွံတေးမြို့နယ် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးမှ ပြောကြားခဲ့သည်။ ရန်ကုန်တိုင်း အစိုးရအဖွဲ့သည် တွံတေးမြို့နယ်ရှိ လယ်မြေဧ က ၂၈၀၀ ဥ ရန်ကုန်တိုင်းဒေ သရှိ ကျူးကျော်သူများကို ထားရှိရန်နှင့် တန်ဖိုးနည်း၊ တန်ဖိုးလတ်၊ အရောင်းအိမ်ယာ များ ဆောက်လုပ်ရန် ပြည်သူ့ဘဝမြှင့်တင်ရေးစီမံကိန်း (Project X ) ဟု အမည်ပေးထားသော ထိုစီမံကိန်းကို လွှတ

တော်သို့ အဆိုပြုတင်ထားကြောင်း ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

မြေယာလျော်ကြေးအတွက် မူ လပိုင်ရှင်များကို တစ်ဧကလျှင် မြို့မြေအဖြစ်သတ်မှတ်ပြီးသည့် မြေ ၂၀ ရာခိုင်နှုန်းသာ ပေးမည်ဖြစ်ကြောင်းနှင့် လယ်တစ်ဧကလျှင် ပေ ၄၀၊ ပေ ၆၀ မြေကွက် ပြန်လည်ရရှိမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကိုယ်စားလှယ်များထံမှ သိရှိခဲ့ရသည်။ ထိုစီမံကိန်းကို ယခုနှစ်အတွင်း အကောင်အထည်ဖော်၍ တည်ဆောက်သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

## ယုဇနကုမ္ပဏီနှင့် ဒေသခံ တောင်သူများကြား လယ်ယာမြေအငြင်းပွားမှု ထပ်မံဖြစ်ပွား

ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ လီဒိုလမ်းမပေါ်ရှိ Nawng Mi ကျေးရွာတွင် ယုဇနကုမ္ပဏီနှင့် ဒေသခံ တောင်သူများကြား လယ်ယာမြေအငြင်းပွားမှု ဖြစ်ပွားလျှက်ရှိသည်။ မေလဒုတိယပတ်မှစတင်ကာ ကုဇနကုမ္ပဏီမှ တောင်သူ ၁၀ ဦး၏ လယ်ယာမြေဧက ၁၀၀ ကျော်ကို မြေထိုးစက်များဖြင့် မြေထိုးခြင်းကို ပြုလုပ်လာသည်ဟု ဒေသခံ Seng Awng မှ ပြောကြားခဲ့သည်။ ထို့ကြောင့် တောင်သူများမှ ယုဇနကုမ္ပဏီနှင့် တိုင်ပင်ဆွေးနွေး ရန်ကြိုးစားခဲ့သော်လည်း ယခုထိ တွေ့ဆုံခွင့်မရကြောင်း တောင်သူများမှ ပြောကြားခဲ့သည်။

လီဒိုလမ်းမပေါ်ရှိ ကျေးရွာများနှင့် ယုဇနကုမ္ပဏီတို့ကြား မြေယာအငြင်းပွားမှုများသည် ပုံမှန် ဖြစ်ပွားနေပြီး အစိုးရမှ ဖြေရှင်းပေးခြင်းမရှိပါက ပြဿနာ ပိုမို ဖြစ်ပွားလာနိုင်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် ယခင်နှစ်များကတည်းက ယုဇနကုမ္ပဏီမှ ဒေသခံ တောင်သူများကို ပိုင်နက် ကျူးလွန်မှု ဖြင့် တရားစွဲဆိုထားသောကြောင့် တောင်သူများ ယခုထိ တရားရင်ဆိုင်နေကြရသည်။ လီဒိုလမ်းမပေါ်ရှိ တောင်သူများ၏ မြေယာများကို စစ်အစိုးရဟောင်းမှ ယုဇနကုမ္ပဏီကို ေ ရာင်းချခဲ့ပြီး ထိုမြေယာများကို ပြန်လည်ရယူနိုင်ရန် ဒေသခံများမှ သက်ဆိုင်ရာ အစိုးရသို့ စာရေးသား တောင်းဆိုမှုနှင့် ဆန္ဒထုတ်ဖော်မှု အမျိုးမျိုးပြုလုပ်ပခဲ့သော်လည်း ယခုထိ အောင်မြင်ခြင်းမရှိသေးပါ။

## မာန်အောင်မြို့နယ်တွင် လယ်ယာမြေအငြင်းပွားမှုဖြစ်ပေါ်

ရခိုင်ဒေသကြီး ... 

ရောဝတီတိုင်းဒေသကြီး၊ မာန်အောင်မြို့နယ်၊ တိုက်ကျွန်းအုပ်စု၊ တိုက်ကျွန်းကျေးရွာတွင် လယ်မြေတစ်ခုတည်း၌ ပုံစံ (၇) နှစ်စောင် ထွက်ရှိနေခြင်းအပေါ် အငြင်းပွားမှု ဖြစ်ပေါ်ခဲ့သည်။ တိုက်ကျွန်းကျေးရွာရှိ ဧရိယာ ၁.၅၆ ဧကရှိသော ဒေါ်မသန်းချစ် အမည်ဖြင့် ပုံစံ(၇) ဦးစွာ ထွက်ရှိလာခဲ့ပြီးနောက် သာယာကုန်းကျေးရွာအုပ်စု၊ ပလင်တောကျေးရွာမှ ဦးမောင်တင်ရွှေ အမည်ဖြင့်လည်း နောက်ထပ် ပုံစံ (၇) တစ်စောင် ထွက်ရှိလာခဲ့သည်။

ဒေါ်မသန်းချစ်မှ အဆိုပ ါမြေသည် သူမ၏ခင်ပွန်းဖြစ်သူ၏ မိဘဘိုးဘွား လက်ထပ်ကတည်းက ဓားမဦးချ လုပ်ကိုင်စားသောက်လာသော လယ်မြေဖြစ်ပြီး ခင်ပွန်းဖြစ်သူ ကျန်းမာရေးချို့တဲ့မှုကြောင့် မာန်အောင်မြို့ပေါ်သို့ ပြောင်းရွှေ့ခဲ့သည့် သုံးနှစ်အတွင်း ဦးမောင်တင်ရွှေမှ ၎င်း၏ လယ်မြေကို ပုံစံ (၇) လျှောက်ထားခဲ့သည်ဟု သိရှိခဲ့ရကြောင်း ပြောကြားခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဖြေရှင်းပေးရန် တိုက်ကျွန်းအုပ်ချုပ်ရေးမှူးထံသို့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် တိုင်ကြားခဲ့သော်လည်း ယနေ့တိုင် ဖြေရှင်းပေးခြင်း မရှိကြောင်း ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

## ပုံပါကျင်မြို့နယ် အတွင်း "ဝ"တပ်ဖွဲ့မှ လယ်ယာမြေများသိမ်းယူ

ရှမ်းပြည်နယ် အရှေ့ပိုင်း ပုံပါကျင်မြို့နယ် အတွင်း "ဝ" ပြည်သွေးစည်း ညီညွတ်ရေး တပ်မတော် (UWSA) ၏ ၁၇၁ တပ်ဖွဲ့မှ ဒေသခံ တောင်သူ ၂၃ ဦးပိုင်ဆိုင်သော လယ်ယာမြေ ဧက ၆၀ ကျော် သိမ်းဆည်းထားခဲ့သည်။

မြေယာသိမ်းဆည်းသွားမှုအပေါ် တောင်သူ ၂၃ ဦးမှ လျော်ကြေးငွေ ပေးရန် တောင်းဆိုနေခြင်းကြောင့် ၎င်းတို့လွှတ်တော်ကိုယ်စားလှယ် နှင့် ရှမ်းပြည်နယ်အစိုးရမှ ညှိနှိုင်း ဖြေရှင်းပေးနေကြောင်း ရှမ်းပြည်နယ် မိုင်းတုံ မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးစန်းဝင်းအောင်မှ ပြောကြားခဲ့သည်။ ဒေသခံ တောင်သူများထံတွင် လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်များရှိသကဲ့သို့ အစိုးရသို့ ပေးဆောင်ထားသော အခွန် စာရွက်စာတမ်းများလည်း ရှိသည်ကို တွေ့ရှိရကြောင်းလည်း ၎င်းမှပြောကြားခဲ့သည်။

UWSA သည် ၁၉၈၉ ခုနှစ်တွင် ငြိမ်းချမ်းရေးရယူခဲ့ပြီး လက်ရှိတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ် ရပ်စဲရေး စာချုပ်များကို ချုပ်ဆိုထားသည်။

## ပိုင်နက်ကျူးကျော်မှုဖြင့် စွဲချက်တင်ခံရမှုကို ပြင်ဆင်ရန် လျှောက်ထားချက် ခရိုင်တရားရုံးမှ ပလပ်ကြောင်း အမိန့်ချ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်းမှ ဒေသခံ တောင်သူ လေးဦးကို ပိုင်နက်ကျူးကျော်မှု၊ ရာဇသတ် ကြီးပုဒ်မ ၄၄၇ ဖြင့် စွဲ ချက်တင်ထားမှုအား ပြင်ဆင်ရန် လျှောက်ထားချက်ကို မေလ ၂၁ ရက်နေ့တွင် ကျောက်ဆည်ခရိုင်တရားရုံးမှ ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ စဉ့်ကိုင်မြို့နယ်၊ စွန်ရဲအင်းစိုက်ကွင်းအတွင်း ဦးပိုင်ကုမ္ပဏီမှ သိမ်းဆည်းထားသည့် ယာမြေများပေါ်သို့ ဒေသခံ

တောင်သူများမှ ကျူးကျော်ဝင်ရောက်ခဲ့သည်ဟု စွပ်စွဲကာ ၂၀၁၆ ခုနှစ်တွင် တောင်သူ လေးဦးကို ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၅၀၆ ဖြင့် တရားစွဲဆိုခဲ့သည်။ တရားစွဲဆိုခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စဉ့်ကိုင်မြို့နယ် တရားသူကြီးမှ တောင်သူလေးဦးကို ပုဒ်မ ၄၄၇ ဖြင့် စွဲချက်တင်အမိန့်ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံး၏ စွဲချက်တင်မှုကို ကျေနပ်ခြင်းမရှိသဖြင့် တောင်သူများမှ ကျောက်ဆည်ခရိုင် တရားရုံးသို့ ပြင်ဆင်ချက် လျှောက်ထားခဲ့ခြင်းဖြစ်သည်။ ကျောက်ဆည်ခရိုင်တရားရုံးမှ ပြင်ဆင်ချက် လျှောက်ထားမှုကို ပလပ်ကြောင်းအမိန့်ချမှတ်ခဲ့သောကြောင့် တောင်သူများမှ တရားလွှတ်တော်သို့ ထပ်မံ၍ ပြင်ဆင်ချက် လျှောက်ထားမည်ဖြစ်သည်။ ဒေသခံတောင်သူလေးဦး၏ အမှုကို အခမဲ့လိုက်ပါဆောင်ရွက်ပေးနေသော တရားလွှတ်တော်ရှေ့နေ ဦးနိုင်နိုင်ထွန်းမှ တောင်သူများသည် ၎င်းတို့၏ သိမ်းဆည်းယာမြေများပေါ်တွင် ခြံစည်းရိုးကာရံနေခြင်းအား သွားရောက်ပြောဆိုခဲ့ခြင်းကြောင့် ပိုင်နက်ကျူးကျော်သည်ဟု စွပ်စွဲခြင်းခံရကာ တရားစွဲဆိုခံရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဒေသခံတောင်သူများသည် ယာမြေများ သိမ်းဆည်းခြင်းခံခဲ့ရသည့်အပြင် အမှုဖွင့် တရားစွဲဆိုခြင်း ခံနေရခြင်းကြောင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ ယာမြေများကို သိမ်းဆည်းသွားခဲ့စဉ်က ယာမြေနှင့် သီးနှံလျော်ကြေးများကို ပေးလျော်ခြင်းမရှိကြောင်း၊ ထို့ပြင် အသုံးပြုခြင်းမရှိသော လစ်လပ်နေသည့် ယာမြေများပေါ်တွင် ဝင်ရောက် ထွန်ယက်ခဲ့ခြင်းအတွက် ပုဒ်မ မျိုးစုံဖြင့် အမှုဖွင့် တရားစွဲဆိုခြင်းခံနေရဆဲဖြစ်ကြောင်း ဒေသခံတောင်သူများမှ ပြောကြားခဲ့သည်။

**သထုံမြို့နယ်ရှိ သိမ်းဆည်းလယ်ယာမြေဧက ၁၂၀ ကျော်ကို မူလတောင်သူများထံသို့ပြန်လည်ပေးအပ်**

မွန်ပြည်နယ် သထုံမြို့နယ်တွင်း ခေတ်အဆက်ဆက်က သိမ်းဆည်းထားခဲ့ပြီးနောက် ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေဧက ၁၂၀ ကျော်ကို မူလ တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းခြင်းအခမ်းအနားကို မေလ ၁၉ ရက် နေ့တွင် သထုံမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။
အဆိုပါအခမ်းအနားကို ပြည်နယ်ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများမှ တက်ရောက်ခဲ့ပြီး စွန့်လွှတ်မြေများကို မူလပိုင်ရှင်တောင်သူများထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

**တပ်မှ ပြန်လည်စွန့်လွှတ်မည့်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးဆောင်ရွက်နေ**

အမှတ်(၅၀၁၃)တင့်ကားတပ်မှ ပြန်လည်စွန့်လွှတ်ခဲ့သည့် မြေဧက(၅၀၂)ဧကအား မူလတောင်သူများ ထံ ပြန်လည်ပေးအပ်နိုင်ရန် အမြန်ဆုံး ဆောင်ရွက်လျှက်ရှိကြောင်း မေလ ၁၇ ရက်နေ့တွင် မကွေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ပြောကြားခဲ့သည်။

၁၉၉၆ ခုနှစ်တွင် မကွေးမြို့နယ်၊ မယ်လှတောင်ကျေးရွာ အုပ်စုနှင့် မကြီးကန်ကျေးရွာအုပ်စုမှ တောင်သူများပိုင် ယာမြေဧက (၁၃၉၄)ဧကအား အမှတ်(၅၀၁၃)တင့်ကားတပ် မှ သိမ်းဆည်းခဲ့ပြီး ဧက (၅၀၂)ဧကကို ပြန်လည် စွန့်လွှတ်ခဲ့၍ မူလတောင်သူများအား ပြန်လည်ပေးအပ်နိုင်ရန် ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ပြီးစီးပြီဖြစ်ကြောင်း မကွေးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာန ဦးစီးမှူး ဦးပိုင်သူရချိုမှ ပြောကြားခဲ့သည်။

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း MOGE မှ ရေနံရှာဖွေတူးဖော်နေခြင်းကို လယ်သမားများ စိုးရိမ်**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယပိုင်ဆိုင်သော ONGC ကုမ္ပဏီလက်အောက်ရှိ မြန်မာ့ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း (MOGE)မှ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်အတွင်းရှိ ရေနံရှာဖွေတူးဖော်ရေးနှင့် ပတ်သက်ပြီး ဒေသခံများ စိုးရိမ်လျှက်ရှိသည်။ ရေနံရှာဖွေတူးဖော်ရေးအား ဒေသခံများ၏ လယ်ယာမြေများအတွင်း မြေငလျင်နည်းပညာကို အသုံးပြု၍ အကောင်အထည်ဖော်လျှက်ရှိသည်။ ကုမ္ပဏီမှ ဒေသခံများ၏ လယ်ယာ မြေများပေါ်တွင် ရေနံတူးဖော်ခြင်းနှင့် ဒိုင်နမိုက် ထည့်သွင်းခြင်း တို့ မပြုလုပ်မီ ဒေသခံများအား အသိပေးအကြောင်းကြားခြင်း မရှိခဲ့ပါ။ လယ်သမားများသည် လယ်ယာမြေများ ပျက်စီးသွား မည်ကို စိုးရိမ်လျှက်ရှိသည်။

MOGE မှ ရေနံရှာဖွေတူးဖော်ခြင်းနှင့် မြေငလျင်တိုင်းတာခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မဟာမြိုင်၊ မော်လိုက်၊ ပန်သား၊ လောသား၊ ပင်လယ်ဘူး၊ ဖောင်းပြင်၊ ဗန်းမောက်၊ တမူးနှင့် ဟုမ္မလင်းမြို့နယ်များအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသည်။

**လယ်ယာမြေပြဿနာများကို ဖြေရှင်းပေးရန် တက်ကြွလှုပ်ရှားသူများ တောင်းဆို**

မေလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၊ မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးခန်း၌ ပြုလုပ်သော လယ်မြေပြဿနာနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ၌ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများမှ မွန်ပြည်နယ် ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်များတွင်းဖြစ်ပွားနေသော လယ်ယာမြေပြဿနာများကို အစိုးရမှ တစ်လအတွင်း ဖြေရှင်းပေးခြင်းမရှိလျှင် ဆန္ဒပြပွဲများ ပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။

ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်အတွင်းရှိ လယ်ယာမြေဧက နှစ်သောင်းကျော်ကို ပြီးခဲ့သည့် စစ်အစိုးရလက်ထက်တွင် စစ်တပ်မှ သိမ်းဆည်းခဲ့သည်။

**ဘိုးဘွားပိုင်မြေများပြန်လည်ရရှိရေး ရမ်းဗြဲတွင် ဆန္ဒထုတ်ဖော်**

မေလ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ အုန်းတစ်ပင်စုကျေးရွာတွင် နေထိုင်ခဲ့သည့် မြေပိုင်ရှင်များမှ ၎င်းတို့၏ ဘိုးဘွားပိုင် မြေ သုံးဧကပြန်လည်ရရှိရေးအတွက် ရမ်းဗြဲမြို့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ မြေပိုင်ရှင် ဦးမောင်မဲရီ၏သား ကိုစိုးမင်းနိုင်မှ ၁၉၉၁ ခုနှစ်တွင် ၎င်းတို့မိသားစုများအား ၎င်းတို့နေထိုင်ရာ ဘိုးဘွားပိုင်မြေမှ အတင်းအကျပ်ပြောင်းရွှေ့ခိုင်းခဲ့ပြီး ယခုအချိန်တွင် ထိုမြေအား တစ်ခြား သူများကို ပြန်လည်ရောင်းချကာ နေအိမ်များ ဆောက်လုပ်နေထိုင်လာသောကြောင့် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

**ဘိုကလေးတွင် လယ်ယာမြေများ ပြန်လည်ရရှိရေး ဆန္ဒထုတ်ဖော်**

မေလ ၂၇ ရက်နေ့တွင် ဘိုကလေးမြို့နယ်၊ ဆတ်ကျွန်းကျေးရွာအုပ်စု၊ ဘုတ်ချောင်း၊ ပဒဲကော၊ ကုန်းတန်းပေါက်ကျေးရွာများမှ တောင်သူ ၆၀ ခန့်သည် ၎င်းတို့၏ သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ဘိုကလေးမြို့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ၁၉၆၈ ခုနှစ်မှ စ၍ ယင်းဒေသရှိ မြေလွတ်၊ မြေရိုင်းဧက ၁၄၀၀ ခန့်ကို ဘိုးဘွားစဉ်ဆက် ခုတ်ထွင်ရှင်းလင်းခဲ့ကာ လယ်ယာမြေအဖြစ် စိုက်ပျိုး လုပ်ကိုင်ခဲ့ကြသည်။ ၁၉၉၆ ခုနှစ်တွင် ထိုလယ်ယာမြေများကို သစ်တောကျိုးများအဖြစ် သိမ်းဆည်းခဲ့ပြီး ၂၀၁၃ ခုနှစ် နောက်ပိုင်းတွင် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခဲ့သည်၊ ယင်းနောက် တခြားသူများကို လယ်လုပ်ကိုင်ခွင့်ပေးခဲ့ပြီး မူလလုပ်ကိုင်သူများကို လယ်လုပ်ခွင့် မပေးသဖြင့် ဆန္ဒပြရခြင်းဖြစ်ကြောင်း ဆန္ဒပြတောင်သူများမှ ပြောကြားခဲ့သည်။

**အမည်မသိ တပ်မတော်သား နှစ်ဦး၏ ထိုးကြိတ်ကန်ကျောက်ခြင်းခံရသောကြောင့် လယ်သမားတစ်ဦး သွားနှစ်ချောင်းကျိုး**

မေလ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ လှိုင်ဂွင်ကျေးရွာမှ လယ်သမားတစ်ဦးဖြစ်သူ ဦးခင်မောင်သန်းသည် အမည်မသိ တပ်မတော်သား နှစ်ဦး၏ ထိုး ြကိတ်ကန်ကျောက်ခြင်းကို ခံရသောကြောင့် သွားနှစ်ချောင်းကျိုးခဲ့ သည်။ မေလ ၂၂ ရက်နေ့ နေ့လယ်ပိုင်းတွင် ဦးခင်မောင်သန်းသည် လှိုင်ဂွင်ရွာသို့ ပြန်လာစဉ် ကင်းစောင့်နေသော အရပ်ဝတ် တပ်မတော်သားတစ်ဦးမှ တားဆီး၍ မေးမြန်းခြင်းမရှိဘဲ လက်သီးဖြင့် ထိုးခဲ့ပြီး စစ်ဝတ်ဖြင့် တပ်မတော်သားတစ်ဦးမှ ဦးခင်မောင်သန်း၏ ပါးစပ်နှင့် ကျောကုန်းကို စစ်ဘိနပ်ဖြင့် ကန်ကျောက်သည့်အတွက် သွားနှစ်ချောင်းကျိုး၍ ကျောကုန်းနာကျင်ခဲ့သည်။ ထို့ကြောင့် ဦးခင်မောင်သန်းမှ ကျောက်တန်းရဲစခန်းသို့ သွားရောက် တိုင်တန်းခဲ့ရာ ရဲစခန်းမှ အမှုဖွင့်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရရှိခဲ့သည့် ဒဏ်ရာများကြောင့် ဦးခင်မောင်သန်းသည် စစ်တွေဆေးရုံတွင် ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိသည်။

# အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

**လူငယ်သင်တန်းကျောင်းမှ လူငယ် ၁၂၀ ကျော်ကို သက်မွေး ပညာသင်ပေးမည်**

မေလ ၁၅ ရက်နေ့မှ စက်တင်ဘာလကုန်အထိ မန္တလေးမြို့ လူငယ်သင်တန်းကျောင်းမှ လူငယ်သင်တန်းသား နှစ်ရာကျော် ကို အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးမည်ဖြစ် ကြောင်း ၎င်းသင်တန်းကျောင်း ကျောင်းအုပ် ဦးမောင်မောင်မှ ပြောကြားခဲ့ သည်။

ထိုလူငယ်သင်တန်းကျောင်းတွင် တရားရုံးတစ်ခုခု၌ အမှုရင်ဆိုင် နေရဆဲဖြစ်သော အသက် ၁၆ နှစ်အောက် လူငယ်များ၊ အမှုရင် ဆိုင်ပြီးသော လူငယ်များနှင့် ကလေးသူ ငယ် ဥပဒေအရ ကူညီ စောင့်ရှောက်ရန် လိုအပ်သည့် ကလေး စုစုပေါင်း သုံးရာကျော်ရှိ ကြောင်း လူငယ်သင်တန်းကျောင်းရှိ စာရင်းများအရ သိရှိခဲ့ရ သည်။

**ပင်လုံငြိမ်းချမ်းရေးညီလာခံကိုသုံးကြိမ်မြောက်ရွှေ့ဆိုင်း**

အစိုးရနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ မေလကုန်တွင် ကျင်းပရန် စီစဉ်ထားသော ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံကို တတိယအကြိမ်မြောက် ရွှေ့ဆိုင်း ခဲ့သည်။ အစိုးရကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိများနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည် ညီလာခံထပ်မံကျင်းပမည့် ရက်ကိုညှိနှိုင်းရန် မေလ ၂၆ ရက်နေ့မှ မေလ ၂၈ ရက်နေ့ထိ တွေ့ဆုံဆွေးနွေး မည်ဖြစ်သည်။

**ကျောက်ထုတ်စခန်းများကိုပိတ်သိမ်းရန် ပြည်ထဲရေးဝန်ကြီးဌာန သုံးသပ်နေကြောင်း MNHRC ပြောကြား**

ရဲဘက်စခန်းများရှိ ကျောက်ထုတ်စခန်းများကို ပိတ်သိမ်းရန် ပြည်ထဲရေးဝန်ကြီး ဌာနမှ သုံးသပ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ဥက္ကဌ ဦး ဝင်းမြမှ မေလ ၂၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ MNHRC ၏ ၂၀၁၇ ခုနှစ် အစီရင်ခံ စာနှင့် ပတ်သက်၍ မေလ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ပြန်လည်ရှင်းလင်း တင်ပြရာ၌ ကော်မရှင် ဥက္ကဌ ဦးဝင်းမြမှ ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် မှလည်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ထုံးဘို အမျိုးသမီး ကျောက်ထုတ်စခန်းနှင့် မွန်ပြည်နယ်ရှိ မုပွလင် အမျိုးသမီး ကျောက်ထုတ်စခန်းများကို ပိတ်သိမ်းရန် MNHRC ၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာတွင် အကြံပြု တိုက်တွန်းထားပြီး မေလ ၁၈ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စု လွှတ်တော် အစည်းအ ဝေး၌ ထိုအကြံပြုချက်ကို တင်ပြခဲ့ရာ မေလ ၂၅ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်၌ ဝန်ကြီးဌာနအသီးသီးမှ ဝေဖန်သုံး သပ်ခဲ့ပြီး မေလ ၂၈ ရက်နေ့တွင် MNHRC အဖွဲ့ဝင်များမှ ပြည်ထောင်စုလွှတ်တော်၌ ပြန်လည်ရှင်းပြခဲ့ကြောင်း ပြော ကြားခဲ့သည်။

# အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

## ဖမ်းဆီးခံရခြင်းများ

- **စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်ခဲ့ကြသော ဗကသ ကျောင်းသားနှစ်ဦး ဖမ်းဆီးခြင်းခံရ**
  ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်၊ မဇ္ဈိမ/မြန်မာ

- **ဖားကန့် အမိကရုဏ်းတွင် လူတစ်ဦးသေဆုံး၍၄၉ ဦး ဖမ်းဆီး ထိန်းသိမ်းခံရ**
  ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ ဧရာဝတီ

- **သိမ်းဆည်းခံလယ်ယာမြေအရေး ဖြေရှင်းပေးရန် ဦးဆောင် ဆန္ဒထုတ်ဖော်ခဲ့သူ သုံးဦးကို ဖမ်းဆီး အမှုဖွင့်**
  ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်၊ 7 Day Daily/မြန်မာ

## တရားစွဲဆိုခံရခြင်းများ

- **CNPC နှင့် MOGE တို့ကို ဦးဆောင်ဆန္ဒပြသူ လေး ဦး တရား စွဲဆိုခံရ**
  ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- **ငြိမ်း၊စု၊စီဥပဒေ၊ အသရေဖျက်မှုတို့ ဖြင့် ကချင်တက်ကြွ လှုပ်ရှားသူများကို တရားစွဲဆို**
  ၂၀၁၈ ခုနှစ်၊ မေလ ၃ ရက်၊ မြန်မာတိုင်း
  ၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ မဇ္ဈိမ

  ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်၊ မြန်မာတိုင်း
  ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ

- **စစ်ပွဲများရပ်တန့်ရန် ရန်ကုန်မြို့၌ ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့သော လူ့ဘောင်သစ်လူငယ်နှင့် ဗကသအမှု ဖွင့်ခြင်းခံရ**
  ၂၀၁၈ ခုနှစ်။ မေလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ Reliefweb
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ မြန်မာတိုင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်၊ 7 Day Daily/မြန်မာ

- **စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်ခဲ့ကြသော တက်ကြွ လှုပ်ရှားသူများ အမှုဖွင့်ခံရ**
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ 7 Day Daily/မြန်မာ

- **စစ်ပွဲများ ရန်တန့်ရန် တာမွေမြို့နယ်တွင် ဆန္ဒထုတ် ဖော်ခဲ့ကြသော တက်ကြွလှုပ်ရှားသူများ ဖမ်းဆီး တရားစွဲဆိုခြင်းခံရ**
  ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်။ မေလ ၁၄ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၃၁၊ ဒီဗွီဘီ

- **ခွင့်ပြုချက်မရှိဘဲ ကဗျာရွတ်ပွဲကျင်းပခဲ့သူ သုံးဦး တရားစွဲဆိုခြင်းခံရ**
  ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ Reuters
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ Reuters
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်၊ မြန်မာတိုင်း
  ၂၀၁၈ ခုနှစ်၊ မေလ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်၊ ဒီဗွီဘီ

- **ဆန္ဒပြပွဲဦးဆောင်သူကို ငြိမ်းစုစီ ဥပဒေပုဒ်မ ၂၀ ဖြင့် အမှုဖွင့်**
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- **ပြည်တွင်းစစ်များရပ်တန့်ရန် လမ်းလျှောက်ဆန္ဒ ထုတ်ဖော်ခဲ့ခြင်းအတွက် နတ္တလင်းမြို့မှ ကျောင်းသားများကို ဖမ်းဆီး အမှုဖွင့်**
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ The Voice/မြန်မာ

၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၀ ရက်၊ The Voice/မြန်မာ

- **စစ်ပွဲများရပ်တန့်ရန် တောင်းဆိုဆန္ဒပြခဲ့၍ တရားစွဲခံထားရသည့်အမှုများကို ရုပ်သိမ်းပေးရန် ဆန္ဒပြခဲ့ခြင်းအတွက် ကျောင်းသားများ အမှုဖွင့် တရားစွဲဆိုခြင်းခံရ**
  ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ

## တရားရင်ဆိုင်ရခြင်းများ

- **ရိုက်တာသတင်းထောက်နှစ်ဦး၏အမှု ဆက်လက်စစ်ဆေး**
  ၂၀၁၈ ခုနှစ်၊ မေလ ၂ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ မေလ ၂ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၅ ရက်၊ မြန်မာတိုင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၆ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မတ်လ ၉ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်၊ ဗွီအိုအေ/မြန်မာ

- ဒေါက်တာအေးမောင်အပေါ် စွဲဆိုထားသော စွဲချက်များကို ပယ်ဖျက်ပေးရန် လျှောက်ထားချက် ရခိုင်ပြည်နယ်တရားလွှတ်တော် ပယ်ချ
  ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်၊ မဇ္ဈိမ/မြန်မာ

- တရားလိုဘက်မှတင်သွင်းသည့် ဗီဒီယိုဖိုင်သက်သေကို ပယ်ဖျက်ပေးရန် ကိုဆွေ ဂင်းလျှောက်ထားမှု ပယ်ချခံရ
  ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ မေလ ၆ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## ထောင်ဒဏ်ချမှတ်ခံရခြင်းများ

- မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ တရားစွဲဆိုခဲ့သော တောင်သူ ၃၃ ဦးကို ငွေဒဏ်ချမှတ်
  ၂၀၁၈ ခုနှစ်၊ မေလ ၇ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ မဇ္ဈိမ

- စစ်ပွဲအလိုမရှိ ပြဇာတ်အား လူမှုကွန်ရက်စာမျက်နှာတွင် လွှင့်တင်ခဲ့သူကို ထောင်ဒဏ် သုံးလ ချမှတ်
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ ဧရာဝတီ/မြန်မာ

- စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော်ခဲ့ကြသော တက်ကြွလှုပ်ရှားသူ သုံးဦးကို ပြစ်ဒဏ်ချမှတ်
  ၂၀၁၈ ခုနှစ်။ မေလ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်။ မေလ ၈ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၉ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ မြန်မာတိုင်း/မြန်မာ

- ဗုံးပေါက်ကွဲမှု သံသယဖြင့် ဖမ်းဆီးခြင်းခံထားရသူ သုံးဦးကို ထောင်ဒဏ် နှစ် နှစ်စီချမှတ်
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်၊ ဧရာဝတီ/မြန်မာ

## ထောင်တွင်းအခြေအနေများ

- ကျန်းမာရေးကောင်းမွန်ခြင်းမရှိသဖြင့် အမှုစစ်ဆေးခြင်းမပြုရန် ရှေ့နေဦးဖော်ဝင်း တောင်းဆို
  ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်၊ The Voice/မြန်မာ

## ထောင်မှလွတ်မြောက်မှုများ

- မတရားအသင်းဆက်သွယ်မှုဥပဒေဖြင့် ဖမ်းဆီးတရားစွဲဆိုခြင်းခံထားရသော ရွာသားသုံးဦး လွတ်မြောက်
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ BNI

## နိုင်ငံရေးအကျဉ်းသားဟောင်းများ

- ကိုကိုးကျွန်းပြန် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဖေအောင် ကွယ်လွန်
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ 7 Day Daily/မြန်မာ

## နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့် အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒ ထုတ်ဖော်မှုများ

- မြန်မာ့သတင်းလွတ်လပ်ခွင့် အကဲဖြတ်ချက် အမှတ် ၆၀ တွင် နှစ်မှတ်သာရရှိ
  ၂၀၁၈ ခုနှစ်၊ မေလ ၂ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- အစိုးရမှ သတင်းလွတ်လပ်ခွင့်ကို အကာအကွယ်ပေးရန် ပျက်ကွက်
  ၂၀၁၈ ခုနှစ်၊ မေလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်၊ ဒီဗွီဘီ

- စီမံကိန်းနှစ် မပြည့်ခင် ကျောက်ကျင်းပြည့်သွားပါက ထွက်ပေးရန် ချစ်လင်းမြိုင် ကုမ္ပဏီအား ဒေသခံများ တောင်းဆို
  ၂၀၁၈ ခုနှစ်၊ မေလ ၃ ရက်၊ BNI/မြန်မာ

- တိုက်ပွဲအကြား ပိတ်မိနေသော ဒေသခံ ၁၅၂ ဦးကို ကယ်ထုတ်ခွင့် တားမြစ်ခံရ
  ၂၀၁၈ ခုနှစ်၊ မေလ ၅ ရက်၊ ဧရာဝတီ/မြန်မာ

- လေးလအတွင်း တိုင်ကြားစာ နှစ်ထောင်ကျော် အဂတိ တိုက်ဖျက်ရေး ကော်မရှင် လက်ခံရရှိ
  ၂၀၁၈ ခုနှစ်၊ မေလ ၆ ရက်၊ ဘီဘီစီ/မြန်မာ

- အဂတိလိုက်စားမှု၊ မမှန်မကန် လုပ်ဆောင်ခဲ့မှုနှင့် ပတ်သက်၍ တိုင်ကြားစာ ၂,၅၁၆ စောင် နိုင်ငံတော်အတိုင်ပင်ခံဝန်ကြီးဌာန လက်ခံရရှိ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

- ထားဝယ်အကျဉ်းထောင်တွင် အကျဉ်းသားဦးရေများနေ၍ ထောင်ကျပ်တည်းမှုဖြစ်ပေါ်
  ၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်၊ The Voice/မြန်မာ

- စစ်ပွဲများရပ်တန့်ရန် ဆန္ဒထုတ်ဖော် တောင်းဆိုသူများကို ဖြိုခွင်းရာ ၌ အရပ်သားများကို အသုံးပြုခြင်းမရှိဟု ရဲချုပ် ငြင်းဆို
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ မြန်မာတိုင်း/မြန်မာ

- ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် တရားစွဲဆိုခံရသူ ၄၂ ဦးရှိဟု အသံအဖွဲ့ထုတ်ပြန်
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ

- နေအိမ် ရှစ်လုံးအား ပြောင်းရွှေ့ပေးရန် ဖိအားပေးခြင်းခံနေရ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ BNI/မြန်မာ

- မောက်မယ်ဒေသခံများကို စစ်တပ်မှ ရိုက်နှက်၍ ဒေသခံတစ်ဦး နားရွက်ပြတ်
  ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်၊ BNI/မြန်မာ

- အင်ဂျန်းယန်မြို့နယ်ရှိ စစ်ပြေးဒုက္ခသည်များထံ သတင်းသွားယူမည့် မီဒီယာအဖွဲ့များ တားဆီးခံရ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၀ ရက်၊ BNI/မြန်မာ

- ဆန္ဒပြပွဲတိုက်ရိုက်ထုတ်လွှင့်သည့်ဂျာနယ်ကို တောင်းပန်ခြင်းမပြုပါက တရားစွဲဆိုမည်
  ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ The Voice/မြန်မာ

- ပြစ်မှုရင်ဆိုင်နေသော ကလေးများကို ချုပ်နှောင်ထားစဉ် ညှဉ်းပန်းနှိပ်စက်ခြင်းများ ရှိကြောင်း လူ့အခွင့်အရေးကော်မရှင်ထုတ်ပြန်
  ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ 7 Day Daily/မြန်မာ

- တရားစွဲခံရမှုပယ်ဖျက်ပေးရန် တနင်္သာရီဂျာနယ် လျှောက်ထားမှု တိုင်းတရားလွှတ်တော်လက်ခံ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ 7 Day Daily/မြန်မာ

- တပ်မတော် ဗိုလ်ကြီးတစ်ဦးမှ သေနတ်ဖြင့်ပစ်၍ အရပ်သားတစ်ဦးသေဆုံး
  ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်၊ The Voice/မြန်မာ

- တက္ကသိုလ်များတွင် နိုင်ငံရေးစာတမ်းဖတ်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ပြုလုပ်ခွင့်တားမြစ်
  ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်၊ မြန်မာတိုင်း

## လယ်ယာမြေပြဿနာများ

- သိမ်းဆည်းခြင်းခံထားရသောစိုက်ပျိုးမြေများပြန်လည်ရရှိရေးအတွက် ကြံစိုက်တောင်သူများ ဆန္ဒပြ
  ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၃ ရက်၊ The Voice/မြန်မာ

- သိမ်းဆည်းခြင်းခံထားရသော မြေပေါ်တွင် စီမံကိန်းအကောင်အထည်ဖော်ခြင်း မရှိသောကြောင့် မူလတောင်သူများ သတင်းစာ ရှင်းလင်း
  ၂၀၁၈ ခုနှစ်၊ မေလ ၂ ရက်၊ Eleven/မြန်မာ

- မာန်အောင်လေယာဉ်ကွင်းတိုးချဲ့ရာတွင် မြေသိမ်းခံရပြီး ထောင်ကျနေသူများကို အာဏာပိုင်များ လာရောက်ညှိနှိုင်း
  ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်၊ 7 Day Daily/မြန်မာ

- လှိုင်ကော် ဘူတာရုံမှ သိမ်းယူထားသော မြေအတွက် မူလပိုင်ရှင်များထံ လျော်ကြေးငွေပေးအပ်
  ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်၊ BNI/မြန်မာ

- သိမ်းဆည်းထားသော စားကျက်မြေများ ပြန်လည်ပေးရန် သံတွဲဒေသခံများ ဆန္ဒပြ
  ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၆ ရက်၊ 7 Day Daily/မြန်မာ

- သီလဝါဆိပ်ကမ်းတွင် ရဲတပ်ဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်၍ တောင်သူတချို့ ဒဏ်ရာရ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ 7 Day Daily/မြန်မာ

- ကျောက်ဆည်မြို့နယ်အတွင်း သိမ်းဆည်းခံမြေယာများအရေး ဖြေရှင်းပေးရန် တောင်သူများတောင်းဆို
  ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်၊ 7 Day Daily/မြန်မာ

- ပြည်သူ့စစ်မှ ရွာသားများကို သေနတ်ဖြင့်ပစ်
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ BNI

- လယ်ယာမြေ သိမ်းဆည်းသည်ဟု စွပ်စွဲခြင်းခံထားရသော စီမံကိန်းအကောင်အထည်ဖော်သူများ စီမံကိန်းကို ရပ်တန့်ရန် အစိုးရ၏ ညွှန်ကြားမှုကို ဆန့်ကျင်
  ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်၊ ဧရာဝတီ

- အမရပူရမြို့ပြ စီမံကိန်းအတွင်းပါဝင်သည့် မြေနကျွန်းများအတွက် ကျပ်သိန်းတစ်သောင်း နှစ်ထောင်ကျော် လျော်ကြေးပေး
  ၂၀၁၈ ခုနှစ်၊ မေလ ၁၆ ရက်၊ The Voice/မြန်မာ

- တပ်သိမ်းလယ်ယာမြေ ဧက ၁,၆၀၀ ကျော်ကို မူလတောင်သူများထံ ပြန်လည်ပေးအပ်
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ 7 Day Daily/မြန်မာ

- တွံတေး လယ်ဧက ၈၀၀ ကျော်အတွက် လယ်သမားများ အစိုးရထံမှ လျော်ကြေးလက်မခံ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ The Voice/မြန်မာ

- ယုဇနကုမ္ပဏီနှင့် ဒေသခံ တောင်သူများကြား လယ်ယာမြေအငြင်းပွားမှု ထပ်မံဖြစ်ပွား
  ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်၊ BNI/မြန်မာ

- မာန်အောင်မြို့နယ်တွင် လယ်ယာမြေအငြင်းပွားမှု ဖြစ်ပေါ်
  ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်၊ BNI/မြန်မာ

- ပုံပါကျင်မြို့နယ် အတွင်း "၀"တပ်ဖွဲ့မှ လယ်ယာမြေများသိမ်းယူ
  ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ

- ပိုင်နက်ကျူးကျော်မှုဖြင့် စွဲချက်တင်ခံရမှုကို ပြင်ဆင်ရန် လျှောက်ထားချက် ခရိုင်တရားရုံးမှ ပလပ်ကြောင်း အမိန့်ချ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ အီလဲဗင်း/မြန်မာ

- သထုံမြို့နယ်ရှိ သိမ်းဆည်းလယ်ယာမြေဧက ၁၂၀ ကျော်ကို မူလတောင်သူများထံသို့ ပြန်လည်ပေးအပ်
  ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ 7 Day Daily/မြန်မာ

- တပ်မှ ပြန်လည်စွန့်လွှတ်မည့်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးဆောင်ရွက်နေ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်၊ မဇ္ဈိမ/မြန်မာ

- စစ်ကိုင်းတိုင်းဒေသကြီးအတွင်းMOGE မှ ရေနံရှာဖွေတူးဖော်နေခြင်းကို လယ်သမားများ စိုးရိမ်
  ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ မဇ္ဈိမ

- လယ်ယာမြေပြဿနာများကို ဖြေရှင်းပေးရန် တက်ကြွလှုပ်ရှားသူများ တောင်းဆို
  ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- ဘိုးဘွားပိုင်မြေများ ပြန်လည်ရရှိရေး ရမ်းဗြဲတွင် ဆန္ဒထုတ်ဖော်
  ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်၊ BNI/မြန်မာ

- ဘိုကလေးတွင် လယ်ယာမြေများ ပြန်လည်ရရှိရေး ဆန္ဒထုတ်ဖော်
  ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်၊ The Voice/မြန်မာ

- အမည်မသိ တပ်မတော်သား နှစ်ဦး၏ ထိုးကြိတ်ကန်ကျောက်ခြင်းခံရသောကြောင့် လယ်သမားတစ်ဦး သွားနှစ်ချောင်းကျိုး
  ၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်၊ BNI/မြန်မာ

## ဖွဲ့စည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ

- လူငယ်သင်တန်းကျောင်းမှ လူငယ် ၁၂၀ ကျော်ကို သက်မွေးပညာသင်ပေးမည်
  ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်၊ The Voice/မြန်မာ

- ပင်လုံငြိမ်းချမ်းရေးညီလာခံကို သုံးကြိမ်မြောက် ရွှေ့ဆိုင်း
  ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ မြန်မာတိုင်း
  ၂၀၁၈ ခုနှစ်၊ မေလ ၂၂ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်၊ မြန်မာတိုင်း/မြန်မာ

- **ကျောက်ထုတ်စခန်းများကို ပိတ်သိမ်းရန် ပြည်ထဲရေး ဝန်ကြီးဌာန သုံးသပ်နေကြောင်းMNHRC ပြောကြား**
  ၂၀၁၈ ခုနှစ်၊ မေလ ၂၇ ရက်၊ အီလဲဗင်း/မြန်မာ ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်၊ လွတ်လပ်သော အာရှအ
  ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်၊ The Voice/မြန်မာ


**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁**
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉ ၆၂၈ ၇၁၃**
**အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ+၉၅(၀) ၄၂၈ ၁၁၇ ၃၄၈**